မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၉၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လမ်းပန်းဆက်သွယ်ရေးကဏ္ဍသစ် ဖွင့်လိုက်သည့် သံလွင်တံတား(မော်လမြိုင်)

သံလွင်တံတား(မော်လမြိုင်) တံတားကြီးနှင့် ကားလမ်းတို့၏ မြင်ကွင်းအလှကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - သတင်းထောက် ထွန်းဇော်(စမ်းချောင်း)

သတင်းခရီးသည် - ဝင်းရွှေ (မြန်မာ့အလင်း)
ဓာတ်ပုံမှတ်တမ်း - သတင်းထောက် ထွန်းဇော် (စမ်းချောင်း)
စာမျက်နှာဖွဲ့စည်းမှု - ခင်သန္တာသိန်း (မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၃

မြန်မာ့အလင်းသတင်းအဖွဲ့သည် မွန်ပြည်နယ် တစ်ခွင် ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးရေးသားရန် မွန်တို့ဌာနီ ရာမညဆီသို့ ခရီးဆန့်ခဲ့ကြသည်။

စတင်ထွက်ခွာ

သတင်းအဖွဲ့သည် ရန်ကုန်မြို့ ဝါးတန်းလမ်း PTT ကားဂိတ်မှ အထူးမော်တော်ယာဉ်ဖြင့် စတင်ထွက်ခွာချိန်မှာ ည ၇နာရီခွဲ ရှိနေပြီဖြစ်သည်။

ရှုးစိုက်လေ့လာ

ပဲခူးမြို့အဝင် ရွှေအိမ်စားသောက်ဆိုင်၌ ခရီးတစ်ထောက်နားသည့်အခါ ည ၉ နာရီခွဲပေပြီ။ ၄င်းနောက် ခရီးဆက်ခဲ့ရာ ရာဇဝင်ထဲက သမိုင်းဝင်မြို့အဖြစ် ထင်ရှားခဲ့သော သုဝဏ္ဏဘူမိ (ခေါ်) သထုံမြို့ရောက်သည့်အခါ နံနက်သုံးချက်တီးဖြစ်သည်။

ဆက်လက်၍ သထုံမြို့မှ ကြားမြို့များကို ဖြတ်ကျော်ခရီးဆက်ခဲ့ရင်း မုတ္တမမြို့ရောက်သော် မိုးစင်စင်လင်းနေပြီဖြစ်သည်။ စာမျက်နှာ ၆ ကော်လံ ၁ ●

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

နိုင်ငံတိုင်းမှာ ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေဆိုတာရှိမှာဖြစ်သလို အစိုးရတိုင်းကလည်း အဲဒီဥပဒေအတိုင်းသာ ကျင့်သုံးကိုင်တွယ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တည်ဆဲဥပဒေတွေကို ကိုင်တွယ်ကျင့်သုံးပြီး တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေ စိုးမိုးရေးအတွက်စနစ်တကျထိန်းကျောင်းသိမ်းသွင်းဆောင်ရွက်သွားရမှာပဲဖြစ်ပါတယ်။

လူသစ်၏ ဆောင်းပါး စာ ၈ - ၉

ဖွံ့ဖြိုးကြီးစား မြို့မင်းပြား

သတင်းခရီးသည်နှင့်ဓာတ်ပုံမှတ်တမ်း - သတင်းထောက်စဋ္ဌကူစိုးဝင်း
စာမျက်နှာဖွဲ့စည်းမှု - ဘိုဘိုမင်း (မြန်မာ့အလင်း)

ရန်ကုန်-စစ်တွေလမ်းမကြီးနံဘေး မင်းပြားမြို့နယ် အဝကျေးရွာတွင် နွေစပါးဧက ၅၀ ကို တစ်ဆက်တစ်စပ်တည်း ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း - သတင်းထောက် စဋ္ဌကူစိုးဝင်း

ရန်ကုန် ဇူလိုင် ၂၃

ရခိုင်ပြည်နယ် မင်းပြားမြို့....။

မင်းပြားမြို့၏ ဖွံ့ဖြိုးတိုးတက်မှုက အံ့သြစရာ။ ကျယ်ဝန်းသောလမ်းများနှင့် စနစ်တကျတည်ဆောက်ထားသော နေအိမ်အဆောက်အအုံများကား သပ်ရပ်လှပသည့် ရှုခင်းသာ....။

အေဒီ (၄)ရာစု ဝေသာလီခေတ်တွင် မဟာစန္ဒြာမင်းကြီး လှေဖောင်တော်စီး၍ လေးမြို့မြစ်အတိုင်း ခရီးဆက်ရာ စမ္ဘာလေကမ်းအရောက်တွင် လှေဖောင်တော်ခေတ္တရပ်နားပြီး မင်းကြီးသည် အရပ်လေးမျက်နှာသို့ ဖြန့်ကြက်မျှော်ကြည့်ရာ ကျိန်းတောင်ခြေရင်းတွင် စာမျက်နှာ ၁၀ ကော်လံ ၁ *

နေရာကွက်ကျား မိုးရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇူလိုင် ၂၄ ရက်)

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ကြိုးပမ်း ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး အစဉ်ဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့် ဦးတည်ရည်မှန်းချက်ဖြင့် နိုင်ငံတော်ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းလျက်ရှိသည်။

ယင်းသို့ကြိုးပမ်းမှုကြောင့် ထိုက်သင့်သောတိုးတက်မှု၏ အကျိုးစီးပွားများ ဖြစ်ထွန်းလျက်ရှိပြီး တိုးတက်မှု၏ အသီးအပွင့်များကို တိုင်းရင်းသား ပြည်သူများ ရရှိခံစားနေကြရပြီဖြစ်သည်။

နိုင်ငံတော်၏စက်မှုကဏ္ဍကို ပြုပြင်ပြောင်းလဲ တိုးမြှင့်ဖော်ဆောင်လျက်ရှိရာတွင် နိုင်ငံတစ်ဝန်း စက်မှုဇုန်ကြီးများကို ဖွဲ့စည်းထူထောင်ခဲ့ပြီး ကျွမ်းကျင်သူ၊ နည်းပညာနှင့် ငွေကြေးအကူအညီများ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးဆိုင်ရာမူဝါဒများနှင့် အံဝင်ခွင်ကျဖြစ်စေရန် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍကိုလည်း မြှင့်တင်ပေးလျက်ရှိရာ အကြီးစားစက်မှုလုပ်ငန်းများမှအပ ကျန်စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ်လည်းကောင်း၊ ဖက်စပ်လုပ်ငန်းအဖြစ်လည်းကောင်း ဆောင်ရွက် လုပ်ကိုင်ခွင့်ပြုထားသည်။

ယခုအခါ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးကဏ္ဍတွင် ပြည်တွင်းလုပ် စက်မှုပစ္စည်းများက တိုးတက်နေရာယူလာခဲ့ပြီဖြစ်ရာ စက်မှုဇုန်များက နိုင်ငံတော်အတွက် စက်ပစ္စည်းများကို အရည်အသွေးမီမီ ထုတ်လုပ်နိုင်သည်နှင့်အမျှ မြန်မာ့စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏အကျိုးကို ခေတ်မီစက်မှုနည်းပညာများ သယ်ပိုးနိုင်ရေးအတွက် စက်မှုကဏ္ဍထွန်းကားရေး ကြိုးပမ်းရာ၌ မရှိမဖြစ်လိုအပ်သည့် စက်မှုအတတ်ပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပြုစုပျိုးထောင် မွေးထုတ်နိုင်ရန် နည်းပညာတက္ကသိုလ်များ၊ ကောလိပ်များ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ၊ စက်မှုလက်မှုသိပ္ပံကျောင်းများကို တိုးချဲ့ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာစေရန် စက်မှုကဏ္ဍ ဖြစ်ထွန်းရေးသည် အဓိကလိုအပ်သည်ဖြစ်ရာ စက်မှုအတတ်ပညာကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် ပညာရေး ကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ဟန်ချက်ညီညီ ပေါင်းစပ်ဖြည့်ဆည်းပေးနိုင်သည်နှင့်အမျှ နိုင်ငံတော်၏စက်မှုကဏ္ဍ အရှိန်အဟုန်မြှင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၇-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် + အာဋာနာဋိယသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ **နိဗ္ဗာန်အာရုံပြုနည်း** တရားတော် အရှင်ဇာနေယျ (ရွှေမိုးညိုဆရာတော်)
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းပွင့်ဇကေရီ** (အပိုင်း-၂၁)
၈း၃၀ Movie Talk ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီများရှင် ဒေါ်မြင့်မြင့်ခင် (အပိုင်း-၁)
၉း၂၀ Sports World COPA Libertadares (Final)
၉း၅၀ မြန်မာ့ခြင်းပွဲ
၁၀း၁၀ အလှထူးတဲ့…မြို့တံတားဦး
၁၀း၃၀ Make in A Delicious Way (ရသာထူးခြား မလေးရှား အစားအစာများ)
၁၀း၅၀ စွမ်းအားစက်မှုအရင်းပြု စီမံဆောင်ရွက် နိုင်ငံ့အတွက် ထုတ်လုပ်နေတာ မြန်မာ့တာယာ
၁၁း၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၂၅ ဖက်ရှင်လမ်းညွှန်(လေးထပ်ကွမ်း အကယ်ဒမီချိုပြုံးနှင့်တွေ့ဆုံခြင်း)
၁၁း၅၅ စိတ်ဝင်စားဖွယ်ရာ မျက်လှည့်ပညာ
၁၂း၁၅ သီးနှံစိုက်ပျိုးအတွက်တိုး ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာ သုံးစွဲနည်း
၁၂း၂၅ မြန်မာ့ခြင်းပွဲ
၁၂း၅၀ အသွင်ပြောင်းစေမည့် Fiber Tech
၁း၀၀ **နိဗ္ဗာန်အာရုံပြုနည်း** တရားတော် အရှင်ဇာနေယျ (ရွှေမိုးညိုဆရာတော်)
၂း၀၀ MRTV-4 သတင်း
၂း၄၅ World of Knowledge (Operation Cruise Ship)
၃း၄၀ ထန်းပင်မဖြစ်သည့် အနုပညာ (ထန်းပန်းချီ)
၃း၅၀ အလှထူးတဲ့…မြို့တံတားဦး
၄း၀၅ Science Tech Today
၄း၂၅ စိတ်၏စွမ်းအား Aikido အားကစား
၄း၄၀ ဂီတသံစဉ်အလှဆင်(ကေတုဝင်းထွဋ်)
၄း၅၅ VJ Choice
၅း၂၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင် မျိုးမျိုးခိုင်နှင့် တွေ့ဆုံခြင်း)
၅း၄၅ အင်းမရိုးရာ ရက်ကန်းချည်ထည်
၆း၀၀ MRTV-4 သတင်း
၆း၂၀ လှပသစ်ဆန်းအလှပြင်ခန်း (Beauty Spa)
၆း၃၅ ဖက်ရှင်လမ်းညွှန်(လေးထပ်ကွမ်း အကယ်ဒမီချိုပြုံးနှင့်တွေ့ဆုံခြင်း)
၇း၀၅ Make in A Delicious Way (ရသာထူးခြား မလေးရှား အစားအစာများ)
၇း၃၀ VJ Choice
၈း၀၀ MRTV-4 သတင်း
၈း၃၀ Diploma Guide (အနုပညာ ကွန်ပျူတာဒီပလိုမာသင်တန်း)
၈း၅၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင် မျိုးမျိုးခိုင်နှင့် တွေ့ဆုံခြင်း)
၉း၁၅ အင်းမရိုးရာ ရက်ကန်းချည်ထည်
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းပွင့်ဇကေရီ** (အပိုင်း-၂၁)
၁၀း၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ် (Women Basketball 2009)
၁၁း၂၀ Diploma Guide (အနုပညာကွန်ပျူတာ ဒီပလိုမာ သင်တန်း)
၁၁း၄၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၅၅ **သာယာရွှေပြည် တို့နေပြည်** ဖြိုးငွေစိုး၊ အောင်ရဲလင်း၊ မော့စ်၊ ဗေလုဝ၊ ဇင်ဇင်ဇော်မြင့် (ဒါရိုက်တာ-ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်)
၁၂း၄၀ တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
၁၂း၅၀ လှပသစ်ဆန်းအလှပြင်ခန်း (Beauty Spa)
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂၄-၇-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၂၅ ၅။ မဟာဂီတ ချိုကြည်မြ
၄း၅၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်မန်း
၅း၃၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၅၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၃၅ ၁၄။ 'ရှာ' ဟာသဇာတ်လမ်းတွဲ **ဒီအချိန်ဆို**
၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၆။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ချစ်သောရောင်စဉ်** (အပိုင်း-၂)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ စိုက်ပျိုးသုတ
၂၁။ ရှင်သန်နေသော သီချင်းများ (Living Songs) **တေးရေးနိုင်နိုင်၏ဒီဇင်ဘာညများ ထဲက အိပ်မက်ကဗျာတစ်ပုဒ်** (အပိုင်း-၁)
၂၂။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **စစ်မှုရေးရာအနုပညာ** (အပိုင်း-၁၆)
၂၅။ မိုးကုတ်ဆရာတော်ကြီး ထေရုပ္ပတ္တိ (အပိုင်း-၁၈)

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း နေပြည်တော် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၃

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော် အမှတ်(၁၁)အခြေခံပညာအထက်တန်း ကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ကြီး၊ အတန်းမှူးများ၊ ဘာသာရပ်မှူးများနှင့် တွေ့ဆုံပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် မြင့်မားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှာကြားကာ ကျောင်းသားကျောင်းသူများ သင်ကြားသင်ယူနေမှုနှင့် သင်ယူတတ်မြောက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် နေပြည်တော် အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်လယ်ဝေး အမှတ်(၂)နှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ပြီး သင်ကြား၊ စီမံကိစ္စရပ်များကို မှာကြားကာ ကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူနေမှုနှင့် သင်ယူတတ်မြောက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိ သည်။ (အပေါ်ပုံ) (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ

(စနေနေ့-နံနက် + နေ့လယ် + ည)

(၂၅-၇-၂၀၀၉)

၇း၀၀ အဖွင့်တီးလုံး + နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း + ကြေညာချက်
၇း၀၅ တရားတော် (အာဋာနာဋိယသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (ကျောင်း၌ ယဉ်ကျေးခြင်း)
၈း၄၀ တေးပဒေသာ
၉း၀၀ ဘဝအသွင်ကဗျာ့အမြင် (ကလေးစိတ်)
၉း၁၀ တေးပဒေသာ
၉း၃၀ မွေးနေ့လက်ဆောင်
၉း၄၅ အာဆီယံအစီအစဉ်
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ကလေးများအတွက်ပုံပြင် (တီထွင်ကြံဆ) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅ ဇာတ်လမ်းပမာနားဆင်စရာ (ကျွန်တော်နဲ့သူ)
၁၁း၅၅ တေးပဒေသာ
၁၂း၀၀ စံတော်ချိန် တေးပဒေသာ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (ဇာတ်မင်းသားကြီး ဝဏ္ဏကျော်ထင်ဦးစိန်အောင်မင်း)
၁၂း၃၀ ဟန်မျိုးစုံညီတေးကိုသီ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ် (ပဉ္စမတန်းပထဝီဝင်)
၁၃း၂၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ အမှတ်တရတေးလက်ဆောင်
၁၇း၀၀ လေလှိုင်းကြားကပွဲတင်သံ
၁၇း၁၅ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ခေတ်မရွေးသောတေးများ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၀၅ တေးချစ်သူရွှေးသီတေးပန်းချီ
၁၈း၃၀ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ သူ့အကြိုက်သူ့အသွင် (ဝိုင်းစုခိုင်သိန်း) **နိုင်ငံရေးဦးတည်ချက်**
၁၉း၃၀ ကျန်းမာရေးရာသိကောင်းစရာ (သင့်နှလုံးကျန်းမာသည်ထက် ကျန်းမာစေရန်) တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း သံစဉ်တေးသွားမေတ္တာစကား **စီးပွားရေးဦးတည်ချက်**
၂၀း၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၁း၀၀ နိုင်ငံတကာအနုပညာ(၅၇) ခံစားနားဆင်မြန်မာတေးသံစဉ် **လူမှုရေးဦးတည်ချက်**
၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

ကျောက်ချောလမ်းခင်းရန် ကျောက်စုဆောင်း

ညောင်ရွှေ-နန်းနွဲ့ ကျေးလက်ကျောက်ချောလမ်းခင်းရန် ကျောက်စုဆောင်း ထားရှိမှု အခြေအနေကို ဇူလိုင် ၁ရက်က ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းထွဋ် ကြီးကြပ်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



ဝက်လက်မြို့နယ် လှတောကျေးရွာ စက်မှုလယ်ယာစိုက်ကွင်း နွေစပါးရိတ်သိမ်းခြွေလှေ့မှု တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဇူလိုင် ၁၅ရက်တွင် ဝက်လက်မြို့နယ် လှတောကျေးရွာမိုင်တိုင်အမှတ်(၁/၀)ရှိ စက်ကိရိယာအသုံးပြုစိုက်ပျိုးထားသော ကွင်းအမှတ်(၃၂၈၀) တစ်ဆက်တစ်စပ်တည်းစိုက်ပျိုးထားသော စက်မှုလယ်ယာနွေစပါး ၁၀၄ဧက စိုက်ကွင်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဒေသခံတောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားကာ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသည့် စက်မှုလယ်ယာစိုက်ကွင်း နွေစပါးများကို စက်ကိရိယာများဖြင့် ရိတ်သိမ်းခြွေလှေ့မှု**(အပေါ်ပုံ)**၊ ဒေသခံတောင်သူလယ်သမားများထံ ဖြန့်ဝေရောင်းချပေးမည့် စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေဩဇာအမျိုးမျိုးနှင့် စက်သုံးကိရိယာပြခန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဝက်လက်မြို့နယ် ဟံလင်းရေနုတ်မြောင်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရွှေဘိုခရိုင် ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးစိုးတင့်က ဟံလင်းရေနုတ်မြောင်း အပိုင်း(၁/၂/၃/၄)မှ မိုးစပါးစိုက်ပျိုးနိုင်သည့် ဧရိယာနှင့် ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါးစိုက်ပျိုးမှုအခြေအနေများကိုလည်းကောင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့မှ တာဝန်ခံများက မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းအား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန် ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ဆေးတက္ကသိုလ်(၁)ရန်ကုန် ကျောင်းသားဟောင်းများ ပဉ္စမအကြိမ် အာစရိယပူဇော်ကန်တော့ပွဲ

ရန်ကုန် ဇူလိုင် ၂၃

ဆေးတက္ကသိုလ်(၁)ရန်ကုန်သို့ ၁၉၆၄ခုနှစ်တွင် စတင်တက်ရောက် ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယ ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၀ပြည့်နှစ် ဇန်နဝါရီ ၂၃ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ကျောင်းသားကျောင်းသူဟောင်းများသည် ဒေါက်တာကျော်ထွေး ဖုန်း-၀၁- ၅၆၃၆၃၁၊ ဒေါက်တာမြင့်အောင်ခင် ဖုန်း ၀၁-၆၂၉၃၆၇၊ ဒေါက်တာတင်မောင်ဝင်း (PSI-Ygn)ဖုန်း-၀၁-၂၉၀၃၉၀၊ ဒေါက်တာတင်ဦး (PSI-Mdy)ဖုန်း-၀၂- ၈၀၆၈၅၊ ဒေါက်တာမြင့်မြင့်ဇင် ဖုန်း-၀၁- ၅၆၁၈၃၇၊ ဒေါက်တာဥမ္မာသွင် ဖုန်း- ၀၁-၅၃၇၆၅၆၊ ဒေါက်တာမျိုးလွင် ဖုန်း- ၀၁-၅၀၅၀၂၉၊ ဒေါက်တာမြင့်မြင့်သွင် ဖုန်း- ၀၁-၅၆၆၈၉၆၊ ဒေါက်တာခင်စန်းဝင်း ဖုန်း-၀၁-၆၆၁၅၄၅၊ ဒေါက်တာမမြင့်ဦး ဖုန်း-၀၁-၆၅၂၆၆၅၊ ဒေါက်တာတင်လှ ဖုန်း-၀၁-၅၁၉၁၈၂၊ ဒေါက်တာထင်အောင် ဖုန်း-၀၁-၅၄၃၂၇၃တို့သို့ ဆက်သွယ်၍ အလှူငွေများ ပေးပို့လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလုပ်သမား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၃

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်သည် ယမန်နေ့နံနက်ပိုင်းတွင် မကွေးနှင့်မင်းဘူးမြို့တို့ရှိ အလုပ်သမားဝန်ကြီးဌာန အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အချိန်အဟုန်မြှင့်တင်

အလုပ်သမားဝန်ကြီးဌာနသည် ဇူလိုင် ၂၀ရက်မှစတင်၍ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး ၇၇ရုံးဖြင့် လုပ်ငန်းများကို အချိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

ဇူလိုင် ၂၃ရက်က အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာသော ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး **H.E.Mr. Youssef Kamal Botros Hanna** နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၌ မိုးပိုလာမည်

ရန်ကုန် ဇူလိုင် ၂၃

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ကာ ပဲခူးတိုင်းတွင် ဒေသအလိုက်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်ပျဉ်းမနားတွင် ၀ဒသမ၆၇လက်မ၊ ခရမ်းမြို့တွင် ၅ဒသမ၁၆လက်မ၊ ကော့သောင်းမြို့တွင် ၄ဒသမ၄၉လက်မ၊ ပဲခူးမြို့တွင် ၄ဒသမ၁၇လက်မ၊ ဇောင်းတူမြို့တွင် ၃ဒသမ၃၀လက်မ၊ အမ်းမြို့တွင် ၂ဒသမ၆၇လက်မ၊ ရန်ကုန်(မြို့လယ်)နှင့် ကျောက်ဖြူမြို့တို့တွင် ၂ဒသမ၆၀လက်မစီ၊ ရွှေကျင်မြို့တွင် ၂ဒသမ၅၆လက်မနှင့် မြင်းခြံမြို့တွင် ၀ဒသမ၂၄လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် မုတ်သုံလေအားအသင့်အတင့်ရှိပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

ဇူလိုင် ၂၄ ရက်ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကျောဖုံးမှ

တွေ့ရှိ

အလုပ်ကိုနေ့စဉ် အချိန်ကြာမြင့်စွာ လုပ်ကိုင်ရသူ ၁၀၀၀အား ၁၀နှစ်ကြာ သုတေသနပြုခဲ့ရာ ဦးနှောက်မှတ်ဉာဏ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုဖြစ်ပွားသူ ၇၀ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရှိရသည်ဟုဆိုသည်။

အကြံပြု

ထို့ကြောင့် ငယ်ရွယ်စဉ်ကပင် ဦးနှောက် ကျန်းမာရေး ကောင်းမွန်ရန် အလုပ်လုပ်ကိုင်သင့်ပြီး ပင်ပန်းစွာ အလုပ်လုပ်ကိုင်ခြင်းကို လျှော့ချသင့်ကြောင်း ကနေဒါ ဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။

စတုတ္ထအကြိမ် စုပေါင်းသွေးလှူပွဲ

ရန်ကုန် ဇူလိုင် ၂၃

စတုတ္ထအကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ဇူလိုင် ၂၅ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ကျင်းပမည်ဖြစ်ရာ မည်သူမဆိုလာရောက်လှူဒါန်းနိုင်သည်။ သွေးလှူဒါန်းလိုသူများ ဓမ္မရောင်ခြည်(ပင်မ) ဖုန်း-၃၇၁၈၀၀၊ လိုင်းခွဲ ၃၆၄၊ ၀၉-၈၀-၃၀၁၃၈ နှင့် ၀၉-၆၈-၀၂၈၉၆ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်သည်။

(မြန်မာ့အလင်း)

နမ္မတူကျေးရွာ စာကြည့်တိုက် စာဖတ်ဝိုင်းကျင်းပ

နမ္မတူ ဇူလိုင် ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ္မတူမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မန်စံကျေးရွာ မြောက်ပိုင်းအလင်းစာကြည့်တိုက်၌ ယနေ့နံနက် ၉နာရီက စာဖတ်ဝိုင်းကျင်းပရာ ရပ်/သံ(၃) ဒေါ်ချစ်ချစ်ပိုင်က ပြည်သူ့ဆန္ဒသဘောထားကို ဖတ်ကြားတင်ပြပြီး မြို့နယ်ဦးစီးမှူး ဒေါ်အိအိဖြူက အနက်အဓိပ္ပာယ်နှင့် အကျိုးသက်ရောက်မှုများကို ခြုံငုံသုံးသပ် ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပြောကြား

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်၌ စာငှားကတ်စနစ် ကျင့်သုံးအောင်မြင်လျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ စာအုပ်၊ စာစောင်တိုးပွားရေး၊ စာဖတ်သူ တိုးပွားရေးများကို ဆွေးနွေး ပြောကြားခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ကမ္ဘာ့လူတုပ်ကွေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး အသိပညာပေးဟောပြော

လပွတ္တာ ဇူလိုင် ၂၃

လပွတ္တာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် အမှတ်(၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင်၁၂ရက်က အမှတ်(၅) ရပ်ကွက်ရုံးတွင် ကျင်းပခဲ့သည်။

ဟောပြောဆွေးနွေး

အခမ်းအနားတွင် ရပ်ကွက်ဥက္ကဋ္ဌဦးကြည်ဆန်းက ဟောပြောပွဲအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာရဲဝင်းက ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုအခြေအနေ၊ ရောဂါလက္ခဏာများ၊ ကြိုတင်ကာကွယ်နည်းများနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးနည်းလမ်းများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မက္ကဆီကို၌ အလုပ်လက်မဲ့နှုန်း ထပ်မံမြင့်တက်

မက္ကဆီကိုစီးတီး ဇူလိုင် ၂၃

မက္ကဆီကိုနိုင်ငံ၌ ဇွန်လအတွင်း အလုပ်လက်မဲ့နှုန်းမှာ ၅ဒသမ၁၇ရာခိုင်နှုန်းရှိလာခဲ့ကြောင်း၊ ယင်းမှာယခုနှစ်စကထက် ၁ဒသမ၆၂ရာခိုင်နှုန်း ထပ်မံမြင့်တက်လာခြင်းဖြစ်ကြောင်း အမျိုးသားစာရင်းအင်းဌာနက သတင်းထုတ်ပြန်သည်။

အသီးသီးလုပ်ကိုင်

မက္ကဆီကို အလုပ်သမားဦးရေ၏ ၄၂ ရာခိုင်နှုန်းမှာ ဝန်ဆောင်မှုလုပ်ငန်းများ၌ အလုပ်လုပ်ကိုင်နေကြပြီး ကုန်သွယ်ရေးစာရင်းအင်းလုပ်ငန်းများ၌ ၂၀ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၌ ၁၄ဒသမ၅ရာခိုင်နှုန်း၊ စိုက်ပျိုးရေးလုပ်ငန်းများ၌ ၁၃ဒသမ၆ရာခိုင်နှုန်း အသီးသီးလုပ်ကိုင်နေကြကြောင်း သိရသည်။ **(အင်တာနက်)**



အထိမ်းအမှတ်ပြပွဲ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ အထင်ရှားဆုံး ယူယန်ဥယျာဉ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ရိုးရာယဉ်ကျေးမှုကပွဲများနှင့် သီဆိုဖျော်ဖြေပွဲများကျင်းပနေသည်ကို ဇူလိုင် ၂၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

A(H1N1) ရောဂါ ဖြစ်ပွားသူ ဗီယက်နမ်၌ ၄၇၅ဦးရှိ

ဟနွိုင်း ဇူလိုင် ၂၃

ဗီယက်နမ်နိုင်ငံအတွင်း A(H1N1) ရောဂါကူးစက်ခံရသူ ၃၂ဦးထပ်မံတွေ့ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပြီးနောက် နိုင်ငံအတွင်း A(H1N1) ရောဂါကူးစက်ခံရသူ ၄၇၅ဦးရှိသွားပြီဖြစ်သည်။

<u>ပြန်လည်ကောင်းမွန်</u>

A(H1N1) ရောဂါထပ်မံကူးစက်ခံရသူ ၃၂ဦးအနက် တောင်ပိုင်းပြည်နယ်များတွင် ၂၈ဦး၊ မြောက်ပိုင်းနှင့် အလယ်ပိုင်းပြည်နယ်များတွင် နှစ်ဦးစီ ကူးစက်ခံခဲ့ရခြင်းဖြစ်သည်။ ရောဂါဖြစ်ပွားသူ ၃၃၂ဦးမှာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်သွားကြပြီဖြစ်ကာ ဆေးရုံမှ ဆင်းသွားကြပြီဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

A(H1N1) ဖြင့် သေဆုံးသူ ထိုင်း၌ ၄၄ဦးရှိ

ထိုင်း ဇူလိုင် ၂၃

ထိုင်းနိုင်ငံတစ်ဝန်း၌ A(H1N1) တုပ်ကွေးရောဂါဖြင့် ထပ်မံသေဆုံးသူ ၂၀ ရှိရာ သေဆုံးသူပေါင်း ၄၄ဦးရှိလာကြောင်း၊ A(H1N1) ရောဂါ ကူးစက်ဖြစ်ပွားသူပေါင်း ၆၇၇၆ဦး အနက် ၆၆၈၇ဦးမှာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီဖြစ်ပြီး ဆေးရုံတင်ထားရသူ ၃၅ ဦးအနက် ခုနစ်ဦးမှာ အသက်အန္တရာယ် စိုးရိမ်ရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၂၂ရက်တွင် သတင်းထုတ်ပြန်သည်။ (အင်တာနက်)

ထိုင်းနိုင်ငံ နန်သာဘာရီပြည်နယ်ဆေးရုံ၌ A(H1N1) ရောဂါကာကွယ်ရေးအဖြစ် နှာခေါင်းစည်းများဝတ်ဆင်သရုပ်ပြမှုကို ဇူလိုင် ၂၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဩစတြေးလျ၌ A(H1N1)ရောဂါဖြစ်ပွား၍ အသက် ၇၇နှစ်အရွယ် အဘွားအိုတစ်ဦးသေဆုံး

ကင်ဘာရာ ဇူလိုင် ၂၃

ဩစတြေးလျ၌ ဇူလိုင် ၂၃ ရက်က အသက် ၇၇ နှစ်အရွယ် အဘွားအိုတစ်ဦး A(H1N1)ရောဂါဖြင့် သေဆုံးခဲ့ပြီးနောက် နိုင်ငံအတွင်း A(H1N1)ရောဂါဖြင့် သေဆုံးသူ ဦးရေမှာ ၄၅ ဦးသို့ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ယင်းအမျိုးသမီးမှာ နာတာရှည်ရောဂါ ခံစားနေရသူတစ်ဦးဖြစ်ကာ A(H1N1) ရောဂါကူးစက်ခံရပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ကျိုးကျ

အိန္ဒိယနိုင်ငံ အိုဆာရာဒေသတွင် ရေလွှမ်းမှု ဖြစ်ပွားပြီး ကူဟိုင်းမြစ်ရေလျှံသဖြင့် မြစ်ဖြတ်ကျော်သည့် ရထားလမ်းတံတား ကျိုးကျနေသည်ကို ဇူလိုင် ၂၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရန်နိုင်ငံ အနောက်မြောက်ပိုင်း၌ တိုက်ပွဲများဖြစ်ပွား

တီဟီရန် ဇူလိုင် ၂၃

အီရန်နိုင်ငံ အနောက်မြောက်ပိုင်း၌ သောင်းကျန်းသူများနှင့် လုံခြုံရေးတပ်ဖွဲ့တို့ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားရာ သောင်းကျန်းသူနှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း ဇူလိုင် ၂၁ရက်တွင် ပြည်နယ်နယူးစ်အေဂျင်စီက သတင်းထုတ်ပြန်သည်။

<u>ဖြစ်ပွား</u>

၄င်းနေ့နံနက်ပိုင်းက သောင်းကျန်းသူများ ခိုအောင်းရာဒေသဖြစ်သည့် အဇာဘိုင်ဂျန်ပြည်နယ်အနောက်ပိုင်း၌ ခုနစ်နာရီကြာ တိုက်ပွဲဖြစ်ပွားသည်။

<u>ကျဆုံး</u>

ယင်းနေ့၌ပင် အီရန်နိုင်ငံအနောက်ပိုင်း ကာမန်ရှပ်ပြည်နယ်၌ဖြစ်ပွားသည့် တိုက်ပွဲအတွင်း သောင်းကျန်းသူ ၁၀ဦး သေဆုံးပြီး အီရန်တပ်ဖွဲ့ဝင် ၁၀ ဦး ကျဆုံးခဲ့သည်။ **(အင်တာနက်)**

အမေရိကန်အစိုးရ၏ မူးယစ်ဆိုင်ရာအစီရင်ခံစာ ဗင်နီဇွဲလားအစိုးရ တုံ့ပြန်ပယ်ချ

ကာရာကက် ဇူလိုင် ၂၃

ဗင်နီဇွဲလားအစိုးရသည် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှု တိုက်ဖျက်ရေးစစ်ပွဲများတွင် ပြည့်ပြည့်ဝဝ ပူးပေါင်းဆောင်ရွက်မှု မရှိဟူသော အမေရိကန်အစိုးရ၏ အစီရင်ခံစာကို ဗင်နီဇွဲလားအစိုးရက ဇူလိုင် ၂၁ရက်၌ ပယ်ချခဲ့သည်။ အမေရိကန်နှင့် ဗင်နီဇွဲလားနှစ်နိုင်ငံ ဆက်ဆံရေးတိုးတက်လိုပါက ယင်းကဲ့သို့ စွပ်စွဲပြောကြားချက်များကို ရပ်ဆိုင်းရန်လည်း ဗင်နီဇွဲလားအစိုးရက ထုတ်ဖော်ပြောကြားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံတွင် မူးယစ်မှောင်ခိုရောင်းဝယ်မှုနှင့်ပတ်သက်ပြီး ခြစားမှုသည် အစိုးရအဖွဲ့အတွင်း ဝန်ကြီး အဆင့်အထိပင် ရောက်ရှိနေမှုနှင့် ကိုလံဘီယာနိုင်ငံမှ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်သည့် အုပ်စုများအပေါ် ထိန်းချုပ်မှု မရှိသောသဘောထားတို့အပေါ် အမေရိကန် ဥပဒေပြုလွှတ်တော်၏ စုံစမ်းစစ်ဆေးရေးဌာနက ဝေဖန်ထားကြောင်း အစိုးရတာဝန်ခံရုံး၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

<u>မြှင့်တင်</u>

ယင်းအစီရင်ခံစာသည် တရားမျှတမှု မရှိသည့်အပြင် အမေရိကန်၏ ဟန်ဆောင်ထားသည့် ကြားဝင်စွက်ဖက်ရေးမူဝါဒကို မြှင့်တင်ရန်ရည်ရွယ်နေကြောင်း။

<u>အဆုံးသတ်</u>

ယခုကဲ့သို့ လက်မခံနိုင်သော လုပ်ရပ်က ဗင်နီဇွဲလားနှင့် အမေရိကန်တို့၏ နှစ်နိုင်ငံဆက်ဆံရေး ပုံမှန်ဖြစ်နေမှုကို အဆုံးသတ်သွားစေဖွယ်ရှိကြောင်း ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အမ်အင်န်အေ၊ ရိုက်တာ

နေကြတ်သည့်မြင်ကွင်း အလုအယက်တိုးဝှေ့ကြည့်ရှု၍ အိန္ဒိယ၌ နှစ်ဦးသေဆုံး၊ အများအပြားဒဏ်ရာရရှိ

ဗာရာဏသီ (အိန္ဒိယ) ဇူလိုင် ၂၃

အိန္ဒိယနိုင်ငံတွင် နေကြတ်မှုဖြစ်ရပ်သည် ဇူလိုင် ၂၂ရက် နံနက်ပိုင်းက ပေါ်ပေါက်ခဲ့ပြီး မကြာမီ နေကြတ်မှုကို ကြည့်ရှုကြသည့်လူအုပ်မှာ စုပြုံတိုးဝှေ့ကြသဖြင့်နှစ်ဦးသေဆုံးပြီး အခြားလူအများအပြား ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သုံးမိနစ်ကျော် လုံးဝနေကြတ်သည့် ဖြစ်ရပ်ဆန်းမြင်ကွင်းအား ကြည့်ရှုလေ့လာနိုင်ရန်အတွက် လူနှစ်သိန်းခန့်သည် ဂင်္ဂါမြစ်နံဘေးတွင် စုရုံးရောက်ရှိနေကြသည်။

<u>ကြည့်ရှု</u>

မှောင်မိုက်မှုမပေါ်ပေါက်မီ နံနက်စောစောပိုင်းတွင် နေထွက်နေစဉ် ကောင်းကင်သည် ကြည်ကြည်လင်လင်ရှိနေသည်။ မြစ်ကမ်းနံဘေးတွင် စောင့်ဆိုင်းကြည့်ရှုသူများက ယင်းမြင်ကွင်းအား စိတ်လှုပ်ရှားစွာ အော်ဟစ်နေကြသည်။

<u>သေဆုံး</u>

ယင်းနောက် ဂင်္ဂါမြစ်ဘက်သို့ ဦးတည်သည့် လမ်းကျဉ်းတွင် လူများထောင်ချီ၍ ရွှေ့ပြောင်းကြစဉ် ဝရန်းသုန်းကားဖြစ်ကာ နှစ်ဦးသေဆုံးပြီး လူအများ ဒဏ်ရာရရှိခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

နီကာရာဂွါနိုင်ငံ မနာဂွါမြို့၌ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် ကေဘယ်လ်ကြိုးများတပ်ဆင်နေမှုကို ဇူလိုင် ၂၂ရက်က တွေ့ရစဉ်။ (ယင်းဖြစ်ရပ်ကြောင့် တစ်ဦးသေဆုံးပြီး ၁၅ဦးဒဏ်ရာရရှိကာ အိမ်ခြေ ၃၀၀ပျက်စီးသည်။)

(အင်တာနက်ဓာတ်ပုံ)

ဂျပန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်း မြေပြိုမှုဖြစ်ပွား

တိုကျို ဇူလိုင် ၂၃

ဂျပန်နိုင်ငံတွင် ဇူလိုင် ၂၁ရက်က မိုးသည်းထန်စွာရွာသွန်းသဖြင့် မြေပြိုမှုဖြစ်ပွားကာ မြစ်များ ရေလျှံခဲ့ပြီးနောက် ခြောက်ဦးသေဆုံးပြီး လူများစွာ ပျောက်ဆုံးလျက်ရှိကြောင်း ကျိုဒိုသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

<u>ရှာဖွေလျက်ရှိ</u>

ယင်းနေ့ မွန်းလွဲပိုင်းက မြေပြိုမှု ဖြစ်ပွားသဖြင့် ယာမာဂူချီဒေသရှိ ဘိုးဘွားရိပ်သာတွင် သုံးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကာ အခြားလေးဦးပျောက်ဆုံးလျက်ရှိသည်။ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့များနှင့် ကယ်ဆယ်ရေးဝန်ထမ်းများက ပျောက်ဆုံးသူများအား ရှာဖွေလျက်ရှိသည်။

<u>သွားရောက်ကူညီ</u>

ကာကွယ်ရေးတပ်ဖွဲ့ဝင်များက ဘိုးဘွားဦးရေ ၉၀ခန့်ရှိသည့် ဘိုးဘွားရိပ်သာသို့ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ယာမာဂူချီဒေသအစိုးရက စေလွှတ်ထားသည်။ ယင်းရိပ်သာ၏ ပထမထပ်သည် ရွှံ့မြေအတွင်းနစ်မြုပ်လျက်ရှိရာ ကယ်ဆယ်ရေးဝန်ထမ်းများက ရဟတ်ယာဉ်များဖြင့် သွားရောက်ကူညီကြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

တရုတ်အနောက်တောင်ပိုင်း၌ မြေပြိုမှုဖြစ်ပွား

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် ဇူလိုင် ၂၃ရက် မွန်းလွဲ ၂နာရီက မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှု ဖြစ်ပွားခဲ့ရာ ဒေသခံ၃၅ဦး သေဆုံးကာ ၂၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ (အောက်ပုံ)

ကနေဒါအနောက်ပိုင်း၌ တောမီးလောင်ကျွမ်း

ကနေဒါနိုင်ငံ အနောက်ပိုင်း ကီလောနာအရပ်တွင် ဇူလိုင် ၂၃ရက်က တောမီးများလောင်ကျွမ်းမှုကြောင့် ဒေသခံနှစ်ဦးသေဆုံးပြီး နေအိမ်အချို့ မီးလောင်ကျွမ်းခြင်း ခံရကြောင်း တောမီးငြိမ်းသတ်နိုင်ရန် မီးသတ်တပ်ဖွဲ့များ ကြိုးစားနေကြောင်း ကနေဒါ အရာရှိများက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ကွန်တိန်နာကားပွင့်ကျ၍ လေးဦးသေဆုံး

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တောင်ပိုင်း တံတားတစ်စင်းပေါ်တွင် ဇူလိုင် ၂၃ရက်က ကွန်တိန်နာကားတစ်စီးပေါ်မှ ကုန်ပစ္စည်းများ ပွင့်ကျခဲ့ရာ ကပ်လိုက်လာသော မော်တော်ယာဉ်တစ်စီးပေါ် ကျခဲ့သဖြင့် လေးဦးသေဆုံးခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆွီဒင်ကမ်းလွန်၌ ကူးတို့သင်္ဘောနှစ်စင်း တိုက်မိ

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တောင်ဘက်ကမ်းလွန်တွင် ဇူလိုင်၂၃ရက်က ကူးတို့သင်္ဘောနှစ်စင်းတိုက်မိရာ ခရီးသည်အများအပြား ဒဏ်ရာရရှိခဲ့သည်။ ကူးတို့ သင်္ဘောတစ်စင်းမှာ ခရီးသည် ၁၅၀၀ခန့်တင်ဆောင်ထားပြီး အခြားကူးတို့ သင်္ဘော တစ်စင်း၌ ခရီးသည် ၇၅၀တင်ဆောင်ထားကြောင်း ဆွီဒင်ဆိပ်ကမ်းအရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးများ အနည်းငယ်ကျဆင်းလျက်ရှိရာ အမေရိကန် ဈေးကွက်၌ ဇူလိုင်၂၃ရက်အထိ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၅၀ခန့် အထိကျဆင်းခဲ့ကြောင်း အမေရိကန် ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

တူရကီအရှေ့ပိုင်း၌ စစ်ဘက်လေယာဉ်ပျက်ကျ

တူရကီနိုင်ငံအရှေ့ပိုင်းယာဇီလန်မြို့အနီးတွင် ဇူလိုင် ၂၃ ရက်က စစ်ဘက် လေယာဉ်တစ်စင်း မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ကြောင်း၊ လေယာဉ်မှူးဒဏ်ရာ ပြင်းထန်စွာရရှိခဲ့ကြောင်း တူရကီစစ်ဘက်မှ သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံ ယာမာဂူချီမြို့၌ မြေပြိုမှုဖြစ်ပွား

ဂျပန်နိုင်ငံ ယာမာဂူချီမြို့အနီးတွင် ဇူလိုင် ၂၃ ရက်က မြေပြိုမှုထပ်မံဖြစ်ပွားရာ ၁၀ဦးသေဆုံးခဲ့ကြောင်း၊ မြေပြိုမှုဖြစ်ပွားရခြင်းမှာ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေလွှမ်း မှုတို့ကြောင့်ဖြစ်ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။ (အင်တာနက်)

ငါးမျိုးထိန်းသိမ်းရေး တောင်ကုတ်၌ ပညာပေး

တောင်ကုတ် ဇူလိုင် ၂၃

တောင်ကုတ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ဆင့်သည် ငါးသယံဇာတမျိုး ထိန်းသိမ်းရေးလုပ်ငန်းများတွင် ရေလုပ်သားများမှ အသိစိတ်ဖြင့် ပါဝင်ဆောင်ရွက်လာကြစေရေး ငါးလုပ်ငန်းဆိုင်ရာပညာပေးဟောပြောပွဲကို ဇွန် ၂၈ရက်က သလိန်ပြင်ကျေးရွာအမကကျောင်း၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသန်း တက်ရောက်အမှာစကားပြောကြားပြီး သလိန်ပြင်၊ တောင်ရွာ၊ နတ်မော်ရွာများမှ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ပညာပေးဟောပြော

တောင်ကုတ်မြို့နယ်ရုံးအနေဖြင့် ဇွန်လအတွင်း ငါးလုပ်ငန်းဆိုင်ရာ ပညာပေး ဟောပြောခြင်းကို ကျေးရွာများ၊ ပိုက်ဆိပ်များတွင် ခုနစ်ကြိမ်၊ ငါးဖမ်းဆီးရာ မြစ်ချောင်း တစ်လျှောက်၌ သုံးကြိမ် စုစုပေါင်း ၁၀ကြိမ် ဆောင်ရွက်ပြီးဖြစ်သည်။

(ငါးလုပ်ငန်းဦးစီး)

မြန်မာ့ရုပ်မြင်သံကြား

၂၄-၇-၂၀၀၉ရက် (သောကြာနေ့)

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ **အောင်တော်မူ** စောမင်းနောင်၊ စိုင်းညိုမင်း (တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင် **(ကောင်းမှုပြုက ကောင်းမှုရ)**
- ၈:၀၅ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈:၂၅ ၇။ အကပြိုင်ပွဲ
- ၈:၃၀ ၈။ **အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ**
- ၈:၃၅ ၉။ တေးဂီတအစီအစဉ်
- ၈:၄၀ ၆။ International News
- ၈:၄၅ ၁၁။ ရေစကြိုအားမာန် ခင်မွန် ရေလှောင်တမံ
- ၈:၅၀ ၁၂။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၁၅ ၃။ မြန်မာစာမြန်မာစကား
- ၄:၃၅ ၄။ တေးဂီတအစီအစဉ်
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (မြန်မာစာ အထူးပြု) (မြန်မာစာ)
- ၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၂၀ ၈။ **ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး**
- ၅:၃၀ ၉။ နှောင်းခေတ်တေးပဒေသာ
- ၅:၃၅ ၁၀။ ယဉ်တစ်ကိုယ်မယ် **ယုံလိုက်စမ်းပါ** ပိစိ၊စိုပြေ၊ သီရိရှင်းသန့် (ဒါရိုက်တာ-ခတ်ဘုန်းမို)
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၅ ၁၄။ **တားဆီးကာကွယ် လူတုပ်ကွေးအန္တရာယ်** ငှက်ပျောကြော်၊ နှင်းဣကို (ဒါရိုက်တာ-မျိုးအေး)
- ၇:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံးတစ်ယောက်တည်း** (အပိုင်း-၆)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ**(အပိုင်း-၄၃)
- ၂၀။ သီချင်းချစ်သူ
- ၂၁။ အစီအစဉ်ပြီး၏။

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၃-၇-၂၀၀၉

နေပြည်တော်	၀ ဒသမ	၆၇ လက်မ
ခရမ်း	၅ ဒသမ	၁၆ လက်မ
ကော့သောင်း	၄ ဒသမ	၄၉ လက်မ
ပဲခူး	၄ ဒသမ	၁၇ လက်မ
အမ်း	၂ ဒသမ	၆၇ လက်မ
ရွှေကျင်	၂ ဒသမ	၅၆ လက်မ
မြင်းခြံ	၀ ဒသမ	၂၄ လက်မ

ငါးလုပ်ငန်းဦးစီးဌာန၏ ငါးလုပ်ငန်းစခန်းများ၌

မျိုးဗီဇမြှင့်ထားသော မျိုးကောင်းမျိုးသန့် ငါးမြစ်ချင်းသားပေါက်များဝယ်ယူရရှိနိုင်

ရန်ကုန် ဇူလိုင် ၂၃

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနရှိ ငါးလုပ်ငန်းစခန်းများ သည် ငါးသားဖောက်ရာသီချိန်အတွင်း ငါးမွေးမြူသူများလိုအပ်လျက်ရှိသည့် ငါးကြင်း၊ ငါးတန်၊ ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ မြက်စားငါးကြင်း၊ ရွှေဝါငါးကြင်း၊ တီလားပီးယား၊ ရေချိုငါးများနှင့် ငါးခုံးမကြီး အစရှိသည့် ငါးမျိုးများကို သားဖောက်ထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

မျိုးကောင်းမျိုးသန့်

ယခုနှစ် ၂၀၀၉ ခုနှစ် ငါးသားဖောက်ရာသီမှစ၍ ငါးလုပ်ငန်းဦးစီးဌာနသည် သဘာဝမှ အကောင်းဆုံး မျိုးငါးကြီးများကို အသုံးပြု၍ ကြီးထွားနှုန်းမြန်ဆန်ပြီး ပုံသဏ္ဌာန်အနေအထားနှင့် အရောင်းအသွေးလှပကောင်းမွန်သည့် ငါးမြစ်ချင်း မျိုးကောင်း မျိုးသန့် ငါးသားပေါက်များကို မျိုးဗီဇမြှင့်နည်းပညာဖြင့် သားဖောက်ထုတ်လျက်ရှိသည်။

မျိုးဗီဇမြှင့်တင်ထားသော ငါးမြစ်ချင်းမျိုးသည် ပုဂ္ဂလိကငါးသားဖောက်စခန်းများမှ သမားရိုးကျ ထုတ်လုပ်လျက်ရှိသည့် ငါးမြစ်ချင်းငါးမျိုးများနှင့် နှိုင်းယှဉ်လျှင် မွေးမြူရာ၌ ကြီးထွားနှုန်းမြန်ဆန်ခြင်း၊ အရည်အသွေးလှပခြင်း၊ မွေးမြူရေးကာလတိုတောင်းခြင်း၊ ထုတ်လုပ်မှုစရိတ်သက်သာခြင်း၊ ပြည်တွင်းပြည်ပဈေးကွက်တွင် အရောင်းသွက်၍ အကျိုးအမြတ်ပိုမိုရရှိနိုင်မည်ဖြစ်သည်။

ဆက်သွယ်ဝယ်ယူနိုင်

ပြည်နယ် တိုင်းအသီးသီးရှိ ငါးလုပ်ငန်းဦးစီးဌာန၏ ငါးလုပ်ငန်းစခန်းများ၌ မျိုးဗီဇမြှင့်မျိုးကောင်းမျိုးသန့် ငါးမြစ်ချင်းသားပေါက်များကို ဇူလိုင်လ တတိယပတ် မှစတင်၍ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် ဖုန်း-၀၁-၂၂၅၅၈၆၊ ၂၂၅၅၃၊ ၂၁၁၃၈၂၊ ၅၅၅၆၁၃၊ ၆၃၅၁၉၆၊ ၇၀၈၅၁၉၊ ၀၂-၆၁၁၁၅၊ ၃၀၁၉၂၊ ၅၃၈၅၂ တို့သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရ၏ စေတနာကို နားလည်ယုံကြည်လက်ခံလာသဖြင့် လက်နက်ချ အလင်းဝင်ရောက်လာသော KNUအဖွဲ့မှ KNLAတပ်မဟာ(၆) တပ်ရင်း(၁၈)မှ တပ်ခွဲ(၃) တပ်ခွဲမှူး ဗိုလ်ကြီးအဆင့်ရှိ စောလေးကယ် ဦးစီးတပ်ဖွဲ့ဝင်များ လက်နက်ငယ်နှင့် ခဲယမ်းမျိုးစုံများကို အပ်နှံစဉ်။ (သတင်းစဉ်)

❒ *ကျော့ဖုံးမှ*

လုံးဝလက်နက်စွန့်လွှတ်

နိုင်ငံတော်အစိုးရ၏ စေတနာကို နားလည်ယုံကြည်လာသဖြင့် KNU အဖွဲ့ KNLA တပ်မဟာ (၆) တပ်ရင်း (၁၈)မှ တပ်ခွဲမှူး ဗိုလ်ကြီးအဆင့်ရှိ စောလေးကယ် ဦးစီး တပ်ခွဲ(၃)မှ တပ်ဖွဲ့ဝင်၂၂ဦး၊ မိသားစုဝင် ၁၅ဦး၊ စုစုပေါင်း ၃၇ ဦးတို့သည် လက်နက်ငယ် ရှစ်လက်၊ ခဲယမ်းမျိုးစုံနှင့် အတူ ယမန်နေ့ ဇူလိုင် ၂၂ရက်တွင် ကရင်ပြည်နယ်သဃ်န်းညီနောင်ရှိ မိမိတပ်စခန်းသို့ လာရောက်ကာ လုံးဝလက်နက်စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း သိရှိရသည်။

သိမြင်နားလည်

KNLA တပ်မဟာ(၆)တွင် တပ်ရင်း(၁၆)၊ တပ်ရင်း(၁၇)နှင့် အထူး တပ်ရင်းများရှိပြီး တပ်ရင်းမှူးများဖြစ်သော တင်လှိုင်၊ ဖားဖော၊ လှမင်းတို့မှာ တစ်ဖက်နိုင်ငံ၌ နေထိုင်လျက်ရှိပြီး တပ်ရင်း(၁၈)၏ တပ်ရင်းမှူးမှာ ကလိုထူးဖြစ်ကာ ၎င်းသည်လည်း တစ်ဖက်နိုင်ငံ ဘဲကလော့ဒုက္ခသည်စခန်း၌ နေထိုင်လျက်ရှိကြောင်း၊ ၎င်းတို့သည် ပြည်ပအထောက်အပံ့များကိုယူ၍ အဆင်ပြေပြေ နေထိုင်လျက်ရှိသော်လည်း လက်အောက်ခံတပ်ဖွဲ့ဝင်များမှာကိုယ့်ရိက္ခာ ကိုယ်ရှာဖွေစားသောက်နေရပြီး ကျီးလန့်စာစားဖြင့် အနေအစား ဆင်းရဲလျက် ရှိခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် နိုင်ငံတော်အစိုးရ၏စေတနာနှင့်လုပ်ဆောင်ချက်များကို သိမြင်နားလည်လာပြီး ၎င်းတို့လည်း လုံခြုံနွေးထွေးစွာ နေထိုင်လိုသဖြင့် ယခုကဲ့သို့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရှိရသည်။

ကူညီပံ့ပိုး

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော စောလေးကယ်နှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက ၎င်းတို့၏နေထိုင်ရေးနှင့် လိုအပ်သည်များကို ကူညီပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိသားစုဝင်အချို့

နိုင်ငံတော်အစိုးရ၏ စေတနာကို နားလည်ယုံကြည် လက်ခံလာသဖြင့် လက်နက်ချ အလင်းဝင်ရောက်လာသော KNUအဖွဲ့မှ KNLA တပ်မဟာ(၆) တပ်ရင်း(၁၈) တပ်ခွဲ(၃)မှ တပ်ဖွဲ့ဝင်များနှင့် အတူပါရှိသည့် မိသားစုဝင်အချို့ကို တွေ့ရသည်။ (သတင်းစဉ်)

24-7 (05).pmd 1 7/24/2009, 2:40 AM

● ရှေ့ဖုံးမှ

သံလွင်တံတား

ပတ်ဝန်းကျင်မြင်ကွင်းကို လှမ်းမျှော်ကြည့်ရာမွန်ပြည်နယ်နှင့်တကွ ပြည်ထောင်စုကြီး၏ လမ်းတံတားကဏ္ဍ ကမ္ပည်းတင်ခဲ့သော သံလွင်တံတား(မော်လမြိုင်)ကို ငွားငွားစွင့်စွင့် မြင်တွေ့နေရသည်။

"ဒီတံတားကြီးကို နိုင်ငံခြားအကူအညီမပါဘဲ တည်ဆောက်နိုင်ခဲ့တဲ့ မြန်မာအင်ဂျင်နီယာများရဲ့ စွမ်းပကားဟာ ဂုဏ်ယူဝင့်ကြွားစရာပဲ" ဟု ကျွန်တော့်စိတ်ထဲက ချီးကျူးနေမိသည်။

ဖြတ်သန်းသွားလာနိုင်

မုတ္တမနှင့် မော်လမြိုင် ဆက်သွယ်ပေးထားသည့် သံလွင်တံတား(မော်လမြိုင်)သည် ၁၁၅၇၅ ပေ ရှည်လျားပြီး ရထားရော ကားပါဖြတ်သန်းသွားလာနိုင်သည့် တံတားဖြစ်သည်။

သတင်းအဖွဲ့မော်လမြိုင်သို့ရောက်ရှိစဉ် ရထားစီးပြည်သူများ သွားလာမှုအခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသဖြင့် မော်လမြိုင်ဘူတာသို့ သွားရောက်ခဲ့သည်။

တွေ့ဆုံမေးမြန်း

ရထားခရီးစဉ်ဖြင့် မော်လမြိုင်သို့ လာရောက်ကြသည့် ခရီးသည်များ သွားလာမှုနှင့်ပတ်သက်၍ ရထားစီးခရီးသည် ဒေါ်မြအေးနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

"ယခု ရန်ကုန်-မော်လမြိုင် ရထားဟာ သံလွင်ကူးတို့မလိုတော့ဘဲ မြို့ထဲထိရောက်တော့ သွားလာရတာ အဆင်ပြေပါတယ်။ မြို့ထဲထိရောက်တော့ ဘူတာကနေ ကား သို့မဟုတ် ဆိုင်ကယ်စီးလိုက်ရင် အိမ်ရောက်ရော။

သည် ပိုမိုများပြားပါတယ်။ ခရီးသွားလက်မှတ်များကို လွယ်လင့်တကူဝယ်ယူနိုင်ဖို့ အရောင်းကောင်တာတွေ ဖွင့်ပေးထားပါတယ်။ အမြန်ရထားလက်မှတ်ကို ရက်ကြိုစနစ်နဲ့ ရောင်းချပေးပြီး လက်ကျန်လက်မှတ်တွေကိုတော့ ရထားမထွက်မီ ဆက်လက်ရောင်းပေးပါတယ်။ ဘူတာထဲမှာ ရုပ်မြင်သံကြား ဖျော်ဖြေမှုအစီအစဉ်တွေထားရှိသလို ရထားဆိုက်ရောက်၊ ထွက်ခွာမယ့်အချိန်ကိုလည်း ခရီးသည်များ သိရှိနိုင်ဖို့ကို အချိန်နဲ့တစ်ပြေးညီ ကြေညာပေးပြီး ရထားစီးခရီးသည်များ စိတ်ချမ်းမြေ့မှုရှိစေဖို့ ဝန်ဆောင်မှုအပြည့်အဝပေးနေပါတယ်" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

"ယခု ရန်ကုန်-မော်လမြိုင် ရထားဟာ သံလွင်ကူးတို့မလိုတော့ဘဲ မြို့ထဲအထိရောက်တော့ သွားလာရတာ ပိုအဆင်ပြေပါတယ်။"

ဒေါ်မြအေး
ရထားစီးခရီးသည်

"အစစအရာရာ အဆင်ပြေအောင် ဝန်ဆောင်မှုများနှင့်ဆောင်ရွက်ထား"

ဦးကျော်မြင့်
မော်လမြိုင်ဘူတာရုံပိုင်ကြီး။

ကြက်ပျံမကျစည်ကား

သတင်းအဖွဲ့ မြို့နယ်နယ်နိမိတ်သို့ ဝင်လိုက်သည်နှင့် ကုန်တင်ကားကြီးများ၊ ဆိုင်ကယ်များ၊ စက်ဘီးစီးသူများ၊ ဈေးရောင်းဈေးဝယ်သူများဖြင့် ကြက်ပျံမကျစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ဖွံ့ဖြိုးစည်ပင်

မော်လမြိုင်မြို့၏ ဖွံ့ဖြိုးစည်ပင်မှုလုပ်ငန်းများကို မြို့တွင်းလှည့်လည်လေ့လာကြည့်ရာ သံလွင်မြစ်ကို မျက်နှာမူ၍ ကမ်းနားလမ်းပေါ်၌ သပ်ရပ်ခံ့ညားစွာ တည်ဆောက်ထားသော တိုက်တန်းကြီးများ၊ လက်လီလက်ကား ကုန်ပစ္စည်းအရောင်းအဝယ် လုပ်ငန်းများကို မြင်တွေ့ရခြင်းဖြင့် မြို့၏ဖွံ့ဖြိုးမှု အတိုင်းအတာကို တွက်ဆနိုင်သည်။

ရလဒ်ကောင်းများ

ဈေးကြီးဘက်တန်းတွင် ပွဲရုံတန်းများ တည်ဆောက်၍ မြန်မာနိုင်ငံဒေသအားလုံးနှင့် ရောင်းဝယ်ဖောက်ကားမှုပြုနေမှုကား ဈေးကွက်စီးပွားရေးစနစ်၏ အောင်မြင်ဖြစ်ထွန်းမှု ရလဒ်ကောင်းများဟု ဆိုရမည်ဖြစ်သည်။

ပွဲရုံတန်း

ပွဲရုံတန်းတွင် သုံးထပ်တိုက်၊ လေးထပ်တိုက်ကြီးများမှာလည်း ရန်ကုန်မှ ဘုရင့်နောင်ပွဲရုံကြီးများ အလား။

စီးပွားရေး အချက်အချာကျလှသည့် မော်လမြိုင်ကို သံလွင်တံတား (မော်လမြိုင်) အပါအဝင် လမ်းတံတားများ တိုးချဲ့တည်ဆောက်ဖောက်လုပ်ပေးခဲ့သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လမ်းပန်း ဆက်သွယ်ရေး ကဏ္ဍက ပေါင်းစပ်ဖြည့်ဆည်း ပေးလိုက်ခြင်းပင်။

အခြေအနေကောင်းများ

လမ်းများကလည်း ကျယ်ဝန်းပြီး ကောင်းမွန်လှသည်။ မွန်ပြည်နယ်၏ မြို့တော် မော်လမြိုင်မြို့ကား အနာဂတ်တွင် အခြားမြို့ကြီးများနည်းတူ အရှိန်အဟုန်ကြီးစွာ ပိုမိုဖွံ့ဖြိုးလာရန် အခြေအနေကောင်းများ ပိုင်ဆိုင်ထားပြီဖြစ်သည်။ နယ်စပ်ကုန်သွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊စက်မှုလက်မှု လုပ်ငန်းများသည် မြို့၏စီးပွားရေး စွမ်းအားစုအဖြစ် တာစူလျက်ရှိသည်။

ဥဒဟိုဝင်ထွက်နိုင်

ယခုအခါ မော်လမြိုင်မြို့မှ တနင်္သာရီတိုင်းသို့ မီးရထား၊ မော်တော်ကားဖြင့် တိုက်ရိုက်ခရီးပေါက်သကဲ့သို့ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့ကို ဥဒဟိုဝင်ထွက်နိုင်နေပေပြီ။

တိုးချဲ့ဖောက်လုပ်ပေး

စီးပွားရေး အချက်အချာကျလှသည့် မော်လမြိုင်ကို သံလွင်တံတား (မော်လမြိုင်) အပါအဝင် လမ်းတံတားများ တိုးချဲ့တည်ဆောက်ဖောက်လုပ်ပေးခဲ့သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လမ်းပန်းဆက်သွယ်ရေးကဏ္ဍက ပံ့ပိုး ဖြည့်ဆည်းပေးလိုက်ခြင်းပင် ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

မော်လမြိုင်မြို့၏ အလှပသာဒကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

မြို့ကျက်သရေ

မော်လမြိုင်ဘူတာမှ အထွက်တောင်ပေါ်တန်းတွင် ရုပ်သံထပ်ဆင့်လွှင့်တာဝါတိုင်နှင့် ဆက်သွယ်ရေးကြေးနန်းတာဝါတိုင်တို့ယှဉ်လျက်ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)

ရင်တွင်းစကား

တံတားကြီး မတည်ဆောက်ခင်တုန်းက မော်လမြိုင် တစ်ခေါက်ပြန်ဖို့ အရေး… ရန်ကုန်တစ်ခေါက်သွားဖို့ အရေး… ကားတစ်တန်၊ ရထားတစ်တန်၊ ကူးတို့သင်္ဘောတစ်တန်နဲ့ ဆင်းရဲ တက်ရအလီလီပါပဲတော်… အခုတော့ ဒီအခက်အခဲတွေက ငြိမ်းသွားပြီ" ဟု ရင်တွင်းစကား ဖွင့်ဟသွားသည်။

ဆက်လက်၍ ခရီးသည်ဝင်ထွက်သွားလာမှု အခြေအနေနှင့်စပ်လျဉ်း၍ ရုံပိုင်ကြီး ဦးကျော်မြင့်နှင့် စကားစပ်မိသည့်အခါ….

လွယ်လင့်တကူ

"မော်လမြိုင်ဘူတာမှာ နေ့စဉ်ခရီးသွားပြည်သူ ၁၅၀၀ကျော် သွားလာလျက်ရှိပြီး အခါကြီးရက်ကြီးတွေမှာ ခရီး

ရုပ်မြင်သံကြားလမ်းညွှန် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၃

အသွင်သစ်ဖြင့် ထွက်ရှိလာသော TV Guide အတွဲ ၁၊ အမှတ် ၃ ကို ဇူလိုင် ၂၄ရက် (သောကြာနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

TV Guide ရုပ်မြင်သံကြားလမ်းညွှန် အတွဲ ၁၊ အမှတ် ၃တွင် MRTV-4 Free Channel ၌ ထုတ်လွှင့်နေသော Fashion Music Festival အစီအစဉ်နှင့် လက်မလွှတ်တမ်းကြည့်သင့်သော အစီအစဉ်များကို ဓာတ်ပုံများဝေဝေဆာဆာဖြင့် Highlight တင်ပြထားသည့်အပြင် တစ်ပတ်စာအစီအစဉ်များကို အသေးစိတ်ဖော်ပြထားသည်။

MRTV-4 International ရုပ်သံလိုင်းများမှ ESPN, MTV, Discovery, Star Movies စသော ရုပ်သံလိုင်းအားလုံး၏ တစ်ပတ်စာအစီအစဉ်များကို ဖော်ပြထားပြီး ကြည့်သင့်သော အစီအစဉ်များကို Highlight တင်ပြထားသည်။ 5 Movies, 5 Series ရုပ်သံလိုင်းများမှ ထုတ်လွှင့်မည့်အစီအစဉ်များကိုလည်း တစ်ပတ်စာ ရေးဆွဲထားသည့်အပြင် ကလေးငယ်များအတွက် Cartoon Network နှင့် 5 Cartoon မှ ထုတ်လွှင့်ပြသမည့် ကာတွန်းကားဇာတ်လမ်း အကျဉ်းချုပ်များ၊ အချိန်ဇယားများကို ဖော်ပြထားသည်။ ထို့အပြင် အစီအစဉ်ကောင်းများကို အချိန်ပြည့်ထုတ်လွှင့်ပေးနေသော Mandalay FM ၏ တစ်ပတ်စာအစီအစဉ်များကို အသေးစိတ် ဖော်ပြထားသည်။

မိမိနှင့် မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိအသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွှတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြားလမ်းညွှန်ကို Novel Light Express ဖုန်း- ၃၉၁၁၈၆၊ ၂၄၃၈၉၃ ဖြန့်ချိရေးမှ ဖြန့်ချိလိုက်ပြီဖြစ်ရာ အပတ်စဉ်သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကာကွယ်ရေး လက်ပံတန်း အလက(မြို့မ)တွင် ဟောပြော

လက်ပံတန်း ဇူလိုင် ၂၃

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏စီစဉ်မှုဖြင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် သွေးလွန်တုပ်ကွေးနှိမ်နင်းရေး ဟောပြောပွဲကို ဇူလိုင် ၁၅ ရက် နံနက်က မင်းရပ်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(မြို့မ)ကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်အေးအေးမူနှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက အဖွင့်အမှာစကားပြောကြားကာ လူတုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကို မြို့နယ်ကျန်းမာရေးမှူး ဦးလှမြင့်နှင့် ဦးဇော်မင်းထိုက်တို့ကလည်းကောင်း၊ သွေးလွန်တုပ်ကွေးရောဂါနှိမ်နင်းရေးကို ဦးသန်းလွင်ကလည်းကောင်း၊ ဝက်တုပ်ကွေးရောဂါနှင့်ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးကလည်းကောင်း ဟောပြောကြသည်။ (၁၇၅)

ဆေးတက္ကသိုလ်ပညာသင်ဆု လျှောက်ထားနိုင်

ရန်ကုန် ဇူလိုင် ၂၃

ပညာဒါနအလှူရှင် ဦးအေးကျော်- ဒေါ်အေးအေးမြင့် ရာဇာလင်းမိသားစုက ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် ဆေးတက္ကသိုလ်အသီးသီးသို့ ပထမနှစ်သင်တန်းတက်ရောက်ခွင့်ရှိသူများအနက် အမှန်တကယ်ဆင်းရဲနွမ်းပါးပြီး ပညာဆက်လက်ဆည်းပူးရန် အခက်အခဲရှိသော ကျောင်းသားကျောင်းသူများအားရွေးချယ်၍ "ရာဇာလင်းဆေးတက္ကသိုလ် ပညာသင်ဆု"များ ချီးမြှင့်သွားမည်ဖြစ်သည်။

ပညာသင်ခွင့်

ပညာသင်ဆုလျှောက်ထားခွင့်ရှိသူများမှာ ၂၀၀၉ခုနှစ် မတ်လတွင်ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ မန္တလေးဆေးတက္ကသိုလ်နှင့် မကွေးဆေးတက္ကသိုလ်များ၌ ပညာသင်ခွင့်ရရှိကြသူများ ဖြစ်ရမည်။

လျှောက်ထားနိုင်

ပညာသင်ဆု လျှောက်ထားရယူလိုသူများသည် ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြထားသော မိမိကိုယ်တိုင်ရေးလျှောက်လွှာ၊ အမှတ်စာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်များနှင့်အတူ အမှတ် ၅၀ ကန်ရိပ်သာ(၃)လမ်း Finger Lake, F.M.I City လှိုင်သာယာမြို့နယ် ရန်ကုန်မြို့သို့ ၂၀၀၉ခုနှစ် အောက်တိုဘာ ၃၁ရက်နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လူတုပ်ကွေးရောဂါကာကွယ်ရေး ဝက်လက်မြို့နယ်၌ ဆောင်ရွက်

ဝက်လက် ဇူလိုင် ၂၃

ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကာကွယ်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် အဖွဲ့ရုံးဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးစစ်ဆေးမှုအဖွဲ့ဝင်များပါဝင်၍ မြို့မဈေးအတွင်း အသားရောင်းဆိုင်များ၊ သားသတ်လိုင်စင်စီများ၊ မွေးမြူရေးဆိုင်များသို့ ကွင်းဆင်း၍ ပညာပေးဟောပြောဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးထင်အောင်ဦး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောလှတို့က ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီစည်းဝေး

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၃

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၁၉/၂၀၀၉)ကြိမ်မြောက် အစည်းအဝေးကို ဇူလိုင် ၁၇ရက် ညနေက နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ နာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ယခင်ရက်သတ္တပတ် အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြပြီး နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မင်းဇော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအတွက် ကော်မတီ၊ ဆပ်ကော်မတီများနှင့် သက်ဆိုင်ရာဌာနများမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်ကိစ္စများကိုလည်းကောင်း၊ ကော်မတီ၊ ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၁ရက်က မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင် စိုက်ပျိုးပွဲကို ကော့ကရိတ် ခရိုင် ကော့ကရိတ်-ကျုံဒိုးကားလမ်း ရှစ်တိုင်တွင်ကျင်းပရာ ကော့ကရိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်က သစ်ပင် စိုက်ပျိုးပေးစဉ်။ (၀၀၇)

Database Design and Development သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၃

စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများ၏ Information လိုအပ်ချက်အပေါ် မူတည်၍ စနစ်ကျသော Database Design တစ်ခုကို တည်ဆောက်နိုင်စေရန်နှင့် ယင်း Database Design ကို SQL Sever 2008 ကို အသုံးပြု၍ ကောင်းမွန်အောင် အကောင်အထည်ဖော် Development လုပ်နိုင်စေရန်အတွက် Database Design and Development သင်တန်းကို Gusto ကွန်ပျူတာ နည်းပညာသင်တန်းကျောင်းက ဩဂုတ် ၂ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလ ကြာမြင့်မည်ဖြစ်ကာ တစ်ပတ်နှစ်ရက် စနေ၊ တနင်္ဂနွေနေ့များ၌ တက်ရောက် သင်ကြားရမည်ဖြစ်သည်။ သင်တန်းသား အရေအတွက်ကို ၂၀ သာ ကန့်သတ်ထားသည်။

ထပ်မံသင်ကြားပေးမည်

အဆိုပါသင်တန်းတွင် အကောင်းဆုံး Database Design တစ်ခုထွက်ပေါ်လာစေရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့် (Conceptual Design, Logical Design နှင့် Physical Design) စသည်တို့ကို လက်တွေ့ Project များပြုလုပ်၍ သင်ကြားပေးမည်ဖြစ်ပြီး ထွက်ပေါ်လာသော Database Design ကို Performance, Data Integrity, Securityပိုင်းများတွင် ပိုမိုကောင်းမွန်စေရန် Development လုပ်သင့်သည့် နည်းစနစ်များကို ထပ်မံသင်ကြားပေးသွားမည်ဖြစ်သည်။

တက်ရောက်

ပြည်ပတွင် Computer ပညာရပ်ဖြင့် ကျောင်းသွားတက်မည့်သူများ၊ ပြည်တွင်းပြည်ပတွင် Software Developer, Database Developer, System Analyst လုပ်ကိုင်လိုသူများ အပြင် လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများတွင် Database နှင့် သက်ဆိုင်သော Information Officer လုပ်နေသူများပါ တက်ရောက်သင့်သည်။

ဆက်သွယ်နိုင်

ယင်းသင်တန်းကို စိတ်ဝင်စားသူများသည် Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်း အမှတ် ၁၁ ရွှေတောင်တန်းလမ်း(အောက်ဘက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၂၀၅၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး လမ်းမတော်မြို့နယ် ကျောင်းများ၌ ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၃

လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်၏ ဦးဆောင်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများပါဝင်သောအဖွဲ့သည် ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအထိ မြို့နယ်အတွင်းရှိ အထက(၂)၊ အလက(၁)နှင့် အမက(၆) စုစုပေါင်း ကျောင်းကိုးကျောင်းတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဆေးဖျန်းဆေးမှုတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

စဉ့်ကူးမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်များဖွင့်

စာအုပ်စာစောင်နှင့် ပရိဘောဂများ ပေးအပ်လှူဒါန်း

ပြင်ဦးလွင် ဇူလိုင် ၂၃

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှု၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်သည့် ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတမြင့်မားစေရေးအတွက် ကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက်အဆောက်အအုံသစ်များဖွင့်ပွဲနှင့် စာအုပ်စာစောင်၊ ပရိဘောဂများ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၅ ရက် နံနက် ၁၀ နာရီက သဲအင်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ငွေကျပ် ၁၄ သိန်းကျော်တန်ဖိုးရှိ သဲအင်းကျေးရွာ လဝန်းအိမ်စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လှ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးညွန့်ရွှေ၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်သင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လှနှင့်အဖွဲ့သည် ကျွန်းကြီးကျေးရွာသို့ သွားရောက်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လှ၊ ခရိုင်ဦးစီးအရာရှိ ဦးညွန့်ရွှေနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်စိန်တို့က ငွေကျပ် ၁၃ သိန်း တန်ဖိုးရှိ ဉာဏ်ပဒေသာစာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာအုပ်စာစောင်နှင့် ပရိဘောဂများ လှူဒါန်းပေးကြကာ စာကြည့်တိုက်အဆောက်အအုံသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဇီးကုန်းကျေးရွာ ရောင်နီဦးစာကြည့်တိုက်၊ ဟင်္သာမကျေးရွာ ရွှေဟင်္သာ စာကြည့်တိုက်၊ ကြက်တူရွေးကျေးရွာ ဖွံ့ဖြိုးဝေစာကြည့်တိုက်၊ ရွာသာယာကျေးရွာ ကမ္ဘာလွှမ်းစာကြည့်တိုက်နှင့် ပေါက်ကုန်းကျေးရွာ ဒို့ကျေးရွာစာကြည့်တိုက်တို့ကို မြို့နယ်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(ခရိုင် ပြန်/ဆက်)

ယောက္ခမနှင့်တစ်ထောင့်တစ်ည မြို့လယ်ရုံများ၌ဆက်လက်ပြသ

Shinjuku Incident အက်ရှင်ဇာတ်ကား ရုံဝင်လာ

ရန်ကုန် ဇူလိုင် ၂၃

ယခုသောကြာပတ်တွင် ကွန်ဖူးမင်းသား ဂျက်ကီချန်းပါဝင်ထားသော Shinjuku Incident ကွန်ဖူးအက်ရှင်ဇာတ်ကားသစ် နေပြည်တော်ရုံတွင် ရုံဝင်လာပြီး ယောက္ခမနှင့် တစ်ထောင့်တစ်ည ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရှင်ဂျူးကုအက်ဆီးဒင့်

တရုတ်ပြည်မှ စက်ဆရာဂျက်ကီချန်းက သူ့ချစ်သူဇင်းဇင်းကိုရှာရန် ဂျပန်သို့ ခိုးဝင်သည်။ ဂျပန်နိုင်ငံ ရှင်ဂျူးကု အရပ်တွင် တရားမဝင် အလုပ်လုပ်ရင်း ချစ်သူရှာပုံတော်ဖွင့်ရာမှ ရာကူဇာဂိုဏ်းခေါင်းဆောင်၏ဇနီးမှာ သူ့ချစ်သူဇင်းဇင်းဖြစ်နေကြောင်းသိရပြီး ချစ်သူအားကယ်တင်လိုက်ပုံများကို ဇာတ်လမ်းဆင်ရိုက်ကူးထားသော အက်ရှင်ဇာတ်ကားသစ်ဖြစ်သည်။ ရှေ့ဆောင်ရုံတွင် **X-Men Origins Wolverine** ဇာတ်ကား ဆက်လက်ပြသနေသည်။

Shinjuku Incident's ဇာတ်ကားမှဇာတ်ဝင်ခန်း။

အိန္ဒိယဇာတ်ကားများ

မြို့မရုံတွင် ယောကျ်ားကောင်းတစ်ယောက်အမည်ရ **Ghulam** ဇာတ်ကား ရုံဝင်လာသည်။ ဘဝခရီးကို ကြမ်းကြမ်းတမ်းတမ်း ဖြတ်သန်းရသော လက်ဝှေ့သမားတစ်ယောက်အကြောင်း ရိုက်ကူးထားသည်။ **Ghulam** တွင် မင်းသား အမီးရ်ခန်း၊ ရာဂျစ်ကပူးရ်၊ မင်းသမီးချောရာနီးမူကာဂျီတို့ အဓိက ပါဝင်ထားသည်။ ဘုရင့်ရုံတွင် အိန္ဒိယတောင်ပိုင်း အားကစားနောက်ခံ ဘဝသရုပ်ဖော်ဇာတ်ကား**Ghelllt** ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် မင်းသားရဗီဂျေး အထူးပါဝင်ထားသည်။

ရွှေနားတော်သွင်း ချစ်ခြင်းစကားဇာတ်ကားမှ ကျော်ကျော်ဗိုနှင့် ညွန့်ဝင်း၊ မြတ်မှုးခင် တို့၏ သရုပ်ဆောင်မှု။

ဟော့ရှော့ (၂) ပြဆဲ

ဒါရိုက်တာ ညီညီထွန်းလွင်၏ **ဟော့ရှော့(၂)** ဇာတ်ကားမှာ မြို့လယ် ဝဇီရာ၊ ဝဇီရာ (၂)လှိုင်သာယာ၊ အောင်သီရိရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

ချစ်ချစ်လီ ဆက်ချစ်

ဒါရိုက်တာ ညီညီထွန်းလွင်၏ **ချစ်ချစ်လီ ဆက်ချစ်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ ရွှေဗဟိုရ်၊ ဘုရင့်နောင်နှင့် ရေဝတီ၊ ရတနာပုံ၊ မြရတနာရုံများတွင် ဆက်လက်ပြသနေသည်။

ရွှေနားတော်သွင်း ချစ်ခြင်းစကား

ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၏ **ရွှေနားတော်သွင်းချစ်ခြင်းစကား** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ ရွှေမန်း၊ စံပြ၊ သီတာရုံများတွင် ဆက်လက် ပြသလျက်ရှိသည်။ ။

(မြန်မာ့အလင်း)

ကျေးလက်အိမ်ရာပညာပေးပြသပွဲ ဆားလင်းကြီး၌ ကျင်းပ

ဆားလင်းကြီး ဇူလိုင် ၂၃

ဆားလင်းကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် အိုးပိုင်အိမ်ပိုင် ကျေးလက်အိမ်ရာ ပညာပေးပြသပွဲနှင့် စီဒီများဖြန့်ဝေပေးအပ်ပွဲကို ဇူလိုင် ၁၅ ရက် နံနက်၁၀နာရီက မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးအောင်က အမှာစကား ပြောကြားပြီး မြို့နယ်သစ်တောဦးစီးမှူး ဦးဇော်မြင့်ထွန်းက ကျေးရွာပိုင် စိုက်ခင်းထူထောင်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

တီးတိန်မြို့၌ ခြင်ဆေးဖျန်း

တီးတိန် ဇူလိုင် ၂၃

တီးတိန်မြို့တွင် သွေးလွန်တုပ်ကွေး ရောဂါကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေး၊ အထက(၁)၊ အထက(၂)တို့တွင် ဇူလိုင် ၄ရက်က ခြင်ဆေးဖျန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဝုန့်ပြင်ထန် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တပ်ရွာ-အောင်ကုန်းလမ်း ကျောက်ချောလမ်းခင်းဆောင်ရွက်

သဲကုန်း ဇူလိုင် ၂၃

သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တပ်ရွာ-အောင်ကုန်းလမ်း ကျောက်ချောခင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသက်ပိုင်ဦးက ရှင်းလင်းတင်ပြခဲ့သည်။

(မြို့နယ်စည်ပင်)

ပြည်သူ့ဆန္ဒကို ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေသူများ - ဝိုင်းဝန်းဖယ်ရှား (၂)

လူသစ်

ဒါကိုသိသိကြီးနဲ့ သူတို့က ဒေါ်စုကြည်ကိုလွတ်ပေးပါလို့ပြောနေတာဟာ ဒေါ်စုကြည်သည် ဥပဒေရဲ့အထက်မှာရှိနေတယ်လို့ အဓိပ္ပာယ်သက်ရောက်စေပါတယ်။ ကျွန်တော်တို့ကတော့ ဥပဒေရဲ့အထက်မှာ မည်သူမျှမရှိဘူးလို့ပဲ တရားနည်းလမ်းတကျ လက်ခံထားပါတယ်။ ဒါကြောင့် ဒေါ်စုကြည်ကိုလွတ်ပေးပါလို့ပြောနေတာဟာ ဥပဒေကို မလေးစားရာ ရောက်စေပါတယ်။ သာမန်ပြည်သူကိုတော့ ဥပဒေအတိုင်း အရေးယူပြီး ဒေါ်စုကြည်ကိုတော့ ပြစ်မှုကျူးလွန်ခဲ့ပေမယ့် ခြွင်းချက်ထားပြီး အရေးမယူရဘူးလို့ ဆိုလိုရာရောက်စေပါတယ်။ ဒါကြောင့် ဒီလိုတောင်းဆိုတာဟာ ဖြစ်သင့်ဖြစ်ထိုက်ရဲ့လားလို့ စဉ်းစားကြစေချင်ပါတယ်။

နိုင်ငံတိုင်းမှာ ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေဆိုတာရှိမှာဖြစ်သလို အစိုးရတိုင်းကလည်း အဲဒီဥပဒေအတိုင်းသာ ကျင့်သုံးကိုင်တွယ် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တည်ဆဲဥပဒေတွေကို ကိုင်တွယ်ကျင့်သုံးပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် စနစ်တကျ ထိန်းကျောင်းသိမ်းသွင်း ဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

အခု ဒေါ်စုကြည်ရင်ဆိုင်နေရတဲ့ အမှုကိစ္စဟာ တရားရုံးနဲ့သာ သက်ဆိုင်ပါတယ်။ တရားရုံးရဲ့စစ်ဆေးချက်တွေအရ ဒေါ်စုကြည် အပြစ်ရှိခဲ့ရင် ဥပဒေနဲ့အညီ ထိုက်သင့်တဲ့ အပြစ်ပေးအရေးယူမှုကို ခံယူရမှာဖြစ်သလို အပြစ်မရှိကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ရင်လည်း တရားရုံးက ဥပဒေနဲ့အညီပဲ ပြန်ပြီးလွှတ်ပေးမှာ မုချပါပဲ။ နိုင်ငံတော်အစိုးရအနေနဲ့ကတော့ ဒေါ်စုကြည်ကို သူမ ကျူးလွန်ခဲ့တဲ့ပြစ်မှုကြောင့် မလွှဲမရှောင်သာ စိတ်မကောင်းစွာနဲ့ တရားရုံးမှာစွဲချက်တင်ဖို့ စီစဉ်ခဲ့ရတာဖြစ်ကြောင်း ပြောခဲ့ပြီးပါပြီ။ တကယ်လည်း အရေးယူချင်လို့ မဟုတ်ပါဘူး။ ဥပဒေရဲ့အထက်မှာ ဘယ်သူမှမရှိနိုင်ဘူးဆိုတဲ့ အခြေခံဥပဒေသနဲ့အညီ ကျောသားရင်သားမခွဲခြားဘဲ ဆောင်ရွက်ခဲ့ရခြင်းသာ ဖြစ်ပါတယ်။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည် လွှတ်ပေးရေး၊ မလွှတ်ပေးရေးဆိုတာ ဥပဒေနဲ့အညီသာ ဖြစ်စေရမှာဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ဥပဒေကို ဥပေက္ခာပြုပြီး မဖြစ်နိုင်တာကို တောင်းဆိုနေတာမျိုးကတော့ ဘယ်လိုမှ မဖြစ်သင့်တဲ့ကိစ္စပါ။

ဒေါ်စုကြည်နဲ့ပတ်သက်ပြီး မစ္စတာဘန်ကီမွန်းကလည်း ဒေါ်စုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကိုချက်ချင်းလွှတ်ပေးဖို့လိုမယ်။ ဒေါ်စုကြည်နဲ့တွေ့ခွင့်မပေးဘဲ ငြင်းပယ်လိုက်တဲ့အတွက် အလွန်ကို စိတ်ပျက်မိပါတယ်လို့ ဆိုခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံခရီးစဉ်နဲ့ ပတ်သက်ပြီး လုံခြုံရေးကောင်စီမှာ ရှင်းလင်းပြောကြားရာမှာလည်း မြန်မာအစိုးရအနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကိုယ်စား သူအဆိုပြုခဲ့တဲ့ တောင်းဆိုချက်များအပေါ် အပြုသဘော ဆောင်ရွက်တုံ့ပြန်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့တာကို တွေ့ရှိရပါတယ်။ **ကုလသမဂ္ဂပဋိညာဉ်စာတမ်းမှာ အထွေထွေအတွင်းရေးမှူးချုပ်သည် ကုလသမဂ္ဂရဲ့ Chief Administrator လို့ ဖော်ပြထားပါတယ်။ အတွင်းရေးမှူးချုပ်ရဲ့တာဝန်က အဖွဲ့ကြီး၏လုပ်ငန်းဆောင်တာတွေကို ကြီးကြပ်ရန်ဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံတကာရေးရာများနဲ့ပတ်သက်လို့ နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိခိုက်နိုင်တယ်လို့ ယူဆရတဲ့ကိစ္စများကိုတော့ လုံခြုံရေးကောင်စီက ဂရုပြုမိအောင် တင်ပြနိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ကုလသမဂ္ဂအခြေခံမူများအရလည်း ကုလသမဂ္ဂအဖွဲ့ကြီးကိုယ်တိုင်ပင် အဖွဲ့ဝင်နိုင်ငံများရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခွင့်မရှိတဲ့အတွက် အဖွဲ့ကြီးရဲ့ လက်အောက်ခံဖြစ်တဲ့ လုံခြုံရေးကောင်စီကဖြစ်စေ၊ အတွင်းရေးမှူးချုပ်ရုံးကဖြစ်စေ၊ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကဖြစ်စေ အခြားအဖွဲ့ဝင်နိုင်ငံတွေရဲ့ ပြည်တွင်းရေးကို (အဲဒီနိုင်ငံရဲ့ ပြည်တွင်းရေးဟာ ဒေသတွင်း/နိုင်ငံတကာရဲ့ လုံခြုံရေးနဲ့ တည်ငြိမ်ရေးကို ထိခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်းမရှိသမျှ ကာလပတ်လုံး) ဝင်ရောက်စွက်ဖက်ခွင့် မရှိပါဘူး။** ဒီတော့ မစ္စတာဘန်ကီမွန်းရဲ့ ပြောကြားချက်တွေဟာ ကုလသမဂ္ဂပဋိညာဉ်နဲ့ ညီညွတ်ပါရဲ့လားလို့ မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။

ဒါ့အပြင် ကုလသမဂ္ဂလို ကမ္ဘာ့အဖွဲ့အစည်းကြီးတစ်ခုရဲ့ အကြီးအမှူးတစ်ယောက်အနေနဲ့ ပြောသင့်တဲ့စကားမှ ဟုတ်ပါရဲ့လား။ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းရေးကို စွက်ဖက်လွန်းရာ ရောက်မနေပေဘူးလား။ အလားတူ နိုင်ငံရဲ့ အချုပ်အခြာအာဏာကို မလေးစားရာ ရောက်မနေပေဘူးလား။ တကယ်တော့ ကုလသမဂ္ဂပဋိညာဉ် ရေးဆွဲစဉ်ကတည်းက တိတိကျကျချမှတ်ထားတဲ့ နိုင်ငံများတန်းတူရည်တူရှိရေး အခြေခံသဘောတရားကိုဆန့်ကျင်ပြီး နိုင်ငံငယ်လေးတစ်နိုင်ငံအပေါ် ဖိအားပေးရာရောက်နေပြီလို့ အများလက်ညှိုးထိုးချင်စရာ ဖြစ်နေပါပြီ။

တစ်ဆက်တည်းပြောရရင် မြန်မာ့ပြည်တွင်းရေးအခြေအနေဟာ စိုးရိမ်စရာဖြစ်နေပြီလို့ ပြောကြတာတွေလည်း ရှိနေပါတယ်။ တကယ်တမ်းကျတော့ မြန်မာ့ပြည်တွင်းရေးဖြစ်စဉ်များဟာ ဒေသတွင်းကိုရော နိုင်ငံတကာနယ်ပယ်အထိပါ ထိခိုက်စေနိုင်တဲ့ အနေအထားမျိုး လုံးဝမရှိပါဘူး။ ဘယ်နိုင်ငံကိုမှ ခြိမ်းခြောက်မှုမရှိတဲ့အတွက် ဘယ်သူမှလည်း စိုးရိမ်ပူပန်နေဖို့မလိုပါဘူး။ ဒီအခြေအနေမှန်ကို မျက်ကွယ်ပြုပြီး ကျွန်တော်တို့နိုင်ငံကိစ္စကို အခုလို မဟုတ်တမ်းတရမ်း ပုံဖော်ပြောဆိုလုပ်ဆောင်နေကြခြင်းများကသာ ကျွန်တော်တို့အတွက် အမှန်တကယ်စိုးရိမ်စရာ ဖြစ်နေပါပြီ။ ဒီလို ပုံဖော်ပြောဆို လုပ်ဆောင်နေမှုများဟာ ကျွန်တော်တို့ နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်သလို ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကိုလည်း ခြိမ်းခြောက်ရာရောက်စေတယ်လို့ မှတ်ယူရမလိုဖြစ်နေပါတယ်။ နိုင်ငံကြီးတွေဆိုပြီး နိုင်ငံငယ်တွေအပေါ် အခုလိုလုပ်ဆောင်နေကြခြင်းဟာ ကုလသမဂ္ဂပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များနဲ့ ညီညွတ်မှု ရှိ မရှိ ပြန်ပြီး စဉ်းစားသုံးသပ်ကြစေချင်ပါတယ်။

တစ်ဆက်တည်း ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည် ပါဝင်ခွင့်ပေးရမယ်။ သူမ မပါဝင်ဘဲ ရွေးကောက်ပွဲဟာ ယုံကြည်စိတ်ချရတဲ့ ရွေးကောက်ပွဲမဖြစ်နိုင်ဘူးလို့ ပြည်တွင်းပြည်ပ ပူးပေါင်းပြီး သံကုန်ဟစ်နေကြပါတယ်။ **တကယ်တော့ တစ်နိုင်ငံလုံးရဲ့ အနာဂတ်နဲ့ သက်ဆိုင်တဲ့ ရွေးကောက်ပွဲကြီးမှာ လူတစ်ဦးတစ်ယောက်ကိစ္စကို ဦးတည်ပြီး ပြောနေတာဟာ လုံးဝအဓိပ္ပာယ်မရှိပါဘူး။ ဒီမိုကရေစီကျင့်စဉ်နဲ့လည်း မညီပါဘူး။ ဒီမိုကရေစီကိုလိုလားပါတယ်ဆိုတဲ့သူတွေ ပြောရမယ့် ပြောသင့်တဲ့စကားမျိုးလည်း မဟုတ်ပါဘူး။ လူတစ်ဦးတစ်ယောက် ရွေးချယ်ခံပိုင်ခွင့်ရှိ၊မရှိဆိုတာ တစ်ချိန်မှာထုတ်ပြန်လာမယ့် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေတွေအပေါ်မှာပဲ မူတည်ပါတယ်။ ဥပဒေနဲ့ညီညွတ်မယ်ဆိုရင် လူတိုင်းပါဝင်နိုင်ခွင့်ရှိပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲ ဝင်လိုသူကိုယ်တိုင်က ရွေးကောက်ပွဲဥပဒေနဲ့ကိုက်ညီအောင် ပြုမူနေထိုင်လုပ်ကိုင်ဆောင်ရွက်ဖို့ လိုပါလိမ့်မယ်။**

ပြောရရင် ရွေးကောက်ပွဲဥပဒေဆိုတာဟာလည်း ပြည်သူအားလုံးရဲ့ တစ်ခဲနက်ဆန္ဒမဲနဲ့ အတည်ပြုပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဖော်ပြချက်များအပေါ် အခြေခံရမှာဖြစ်ပါတယ်။ ဒီတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဂဃနဏ လေ့လာပြီးမှ ဒီကိစ္စကို ပြောသင့်၊ ဆိုသင့်၊ ဆွေးနွေးသင့်ပါတယ်။ ဥပဒေကို ပြန်မကြည့်ဘဲ ပြောချင်တိုင်းပြော၊ တောင်းချင်တိုင်းတောင်းနေတာကတော့ နိုင်ငံရေးရင့်ကျက်မှု အားနည်းနေသေးကြောင်း ဝန်ခံရာရောက်စေပါတယ်။ ဒါ့အပြင် ဒေါ်စုကြည်ရွေးကောက်ပွဲဝင်ခွင့် ရနိုင်ဖို့အတွက် အခြေခံဥပဒေကို ပြန်ပြီးညှိနှိုင်းဆွေးနွေး ပြင်ဆင်ခွင့်တောင်းဆိုနေတာဆိုရင်တော့ လွဲပြီးရင်းထပ်လွဲနေပြီလို့ ဆိုချင်ပါတယ်။ ဖြစ်သင့်သလား၊ မဖြစ်သင့်ဘူးလားဆိုတာ သာမန်ဦးနှောက်နဲ့ စဉ်းစားကြည့်ရင်တောင် အဖြေက ရှင်းရှင်းလေးဆိုတာ တွေ့ရပါလိမ့်မယ်။

ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး အတွင်းရေးမှူးချုပ်ကိုယ်တိုင်ကလည်း ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD မပါရင် ယုံကြည်စိတ်ချရတဲ့ ရွေးကောက်ပွဲ မဖြစ်နိုင်ဘူးဆိုတဲ့သဘော ပြောသွားခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အထင်ရှားဆုံးသာဓကပြရရင် ၂၀၀၅ ခုနှစ်မှာ ပြုလုပ်ခဲ့တဲ့ အီရတ်ရွေးကောက်ပွဲမှာ ယခင်သမ္မတဟောင်း ဆဒမ်ဟူစိန်ရဲ့ ဘာ့သ်ပါတီဝင် အဆင့်မြင့်အရာရှိကြီးများ ပါဝင်အရွေးခံခွင့် မရခဲ့ပါဘူး။ ဒါပေမယ့် အဲဒီရွေးကောက်ပွဲကို အမေရိကန်ကရော၊ ကုလသမဂ္ဂကပါ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲအဖြစ် လက်ခံချီးကျူးခဲ့ပါတယ်။ အဲဒီလိုပဲ ၂၀၀၇ ခုနှစ်မှာ ကျင်းပခဲ့တဲ့ ထိုင်းနိုင်ငံရွေးကောက်ပွဲမှာလည်း သူတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ယခင်ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရဲ့ ပါတီဝင်တွေ ရွေးကောက်ပွဲဝင်ခွင့် ပိတ်ပင်ခံခဲ့ရပါတယ်။ ဒါပေမယ့် အဓိက အတိုက်အခံပါတီကြီးဖြစ်တဲ့ သက်ဆင်ရဲ့ပါတီက ပါဝင်ခွင့်မရခဲ့ခြင်းအပေါ် ဘယ်သူကမှ မလွတ်လပ်ဘူး။ တရားမမျှတဘူးလို့ ပြောဆိုဝေဖန်သံ မကြားမိခဲ့ပါဘူး။ အခု ကျွန်တော်တို့ရဲ့ ရွေးကောက်ပွဲကိုကျမှ မလုပ်ရသေးခင်ကတည်းက ဟိုလူ ဒီလူမပါရင် မတရားဘူး၊ မမျှတဘူး၊ တရားမဝင်ဘူးလို့ ပြောဆိုနေကြတာဟာ ဘယ်လိုမှမဖြစ်သင့်တဲ့ကိစ္စပါ။ အခြားနိုင်ငံတွေကို ကျတော့ တစ်မျိုး၊ ကျွန်တော်တို့အပေါ်ကျတော့တစ်မျိုး အခုလိုလုပ်နေတာဟာ Double Standard ကျင့်သုံးရာ ရောက်မနေပေဘူးလားလို့ မေးလိုက်ချင်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ပြောနိုင်တာကတော့ ဒေါ်စုကြည်ရော NLD ပါ သတ်မှတ်ထားတဲ့ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေတွေနဲ့ ညီညွတ်ရင် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ပါဝင်ခွင့်ရမှာ အသေအချာပါပဲ။ အဲဒီဥပဒေတွေနဲ့ မညီညွတ်ရင်တော့လည်း ဘယ်လိုမှ တတ်နိုင်မှာမဟုတ်ပါဘူး။ ဒါကို အခုကတည်းက ကြိုတင်ပြီး သူတို့မှမပါရင် ယုံကြည်စိတ်ချရတဲ့ ရွေးကောက်ပွဲ မဖြစ်နိုင်ဘူး၊ သူတို့မှမပါရင် တရားမဝင်ဘူးဆိုတဲ့ အပြောမျိုးကတော့ ဘယ်လိုမှ လက်ခံနိုင်စရာမရှိပါဘူး။ ယုံကြည်စိတ်ချရတဲ့ ရွေးကောက်ပွဲဆိုတာ လုပ်ထုံးလုပ်နည်းတွေ၊ လက်တွေ့ဆောင်ရွက်မှုတွေနဲ့ပဲ သက်ဆိုင်ပါတယ်။ အလားတူ တရားဝင်တဲ့ ရွေးကောက်ပွဲဆိုတာလည်း သက်ဆိုင်ရာ တရားဝင်အစိုးရတစ်ရပ်က သက်ဆိုင်ရာပြည်သူအားလုံးရဲ့ ပူးပေါင်းပါဝင်မှုနဲ့ တရားဝင်ဆောင်ရွက်ရင် ဒါဟာ တရားဝင်တာပါပဲ။ ဘယ်သူဘယ်ဝါ ပါတယ်၊ မပါဘူး၊ ဘယ်သူဘယ်ဝါ နိုင်တယ်၊ ရှုံးတယ်ဆိုတာနဲ့ လုံးဝမဆိုင်ပါဘူး။ ဒါကို နားလည်လက်ခံဖို့ လိုပါလိမ့်မယ်။

ဒီပုံအတိုင်းဆိုရင် ဒီနေ့ ဒီအချိန်မှာ ဒေါ်အောင်ဆန်းစုကြည်မပါရင် ယုံကြည်စိတ်ချရတဲ့ ရွေးကောက်ပွဲမဟုတ်ဘူး၊ တရားဝင်တဲ့ရွေးကောက်ပွဲ မဖြစ်နိုင်ဘူးလို့ တစ်ဖက်သတ်ပြောနေကြသလို နောင်တကယ် ရွေးကောက်ပွဲကြီး ကျင်းပတဲ့အခါမှာလည်း အကယ်၍များ ဒေါ်စုကြည်နဲ့ ဒေါ်စုကြည်ရဲ့ ပါတီအနိုင်မရခဲ့ဘူးဆိုရင် အဲဒီရွေးကောက်ပွဲဟာ အလိုလိုနေရင်း လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲမဟုတ်ဘူးလို့ ဝိုင်းပြီးလက်ညှိုးထိုးခံရဦးမှာ အသေအချာပါပဲ။ တစ်ဖက်က ဘယ်လောက်ပဲကောင်းအောင်၊ မျှတအောင် ဆောင်ရွက်နေပေမယ့် တစ်ဖက်က အရာရာကိုဆန့်ကျင်ဘက်အမြင်နဲ့ ကြည့်ပြီး "နင်မဟုတ်ရင် နင့်အဖေ" ဆိုတဲ့သဘောမျိုးနဲ့ ပြဿနာကို မရမက မီးခွက်ထွန်းပြီးရှာတဲ့သဘောမျိုး ဖြစ်နေပြီဆိုတာကို သိစေချင်ပါတယ်။ ဘာပဲပြောပြော ဆန့်ကျင်ဘက်အုပ်စုတွေအနေနဲ့ တရားဝင်ပေါ်ထွက်မလာသေးတဲ့ ရွေးကောက်ပွဲဥပဒေဆိုင်ရာ အကြောင်းခြင်းရာတွေကို အခုကတည်းက ကြိုတင်ပြီး ပူပန်ခြင်းကြီးစွာ ငြင်းခုံလျှောက်လဲ တောင်းဆိုနေကြတာကတော့ သွေးရိုးသားရိုးမှ ဟုတ်ပါရဲ့လားလို့တောင် စဉ်းစားစရာဖြစ်နေပါပြီ။

ဒီလိုအခြေအနေတွေကြားမှာ ဆန့်ကျင်ဘက်အုပ်စုတွေအနေနဲ့ မစားရတဲ့အမဲ သဲနဲ့ပက်ဆိုသလို အတည်ပြုပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပျက်ပြားအောင်၊ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှု နှောင့်နှေးပြီး ရှေ့မတိုးနိုင်အောင်၊ ၂၀၁၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ မအောင်မြင်နိုင်အောင် အဖျက်အမှောင့်လုပ်ရပ်တွေကို နည်းလမ်းအမျိုးမျိုးနဲ့ ကြံစည်ကြိုးပမ်းလုပ်ဆောင်နေကြပါတယ်။ သူတို့အနေနဲ့ ဒီနေ့ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းနေတဲ့ အခြေအနေတွေ ပျက်ယွင်းပြီး မတည်မငြိမ်ဖြစ်အောင်၊ ဆူပူအုံကြွမှုတွေဖြစ်အောင်၊ ပြည်သူ

> ကျွန်တော်တို့ အားလုံးဟာ ပြည်သူ့ဆန္ဒနဲ့အညီ နိုင်
> အေးချမ်းအောင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ပြည်သူတစ်
> လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်၊ ဥပဒေနဲ့အညီ လွ
> လုပ်ကိုင်နေထိုင် စွမ်းဆောင်ခွင့်ရရှိပြီး ပြည်သူအများ
> ဒီမိုကရေစီပန်းတိုင်ကို မြန်မြန်မျက်မှောက်ပြုနိုင်အောင်
> ဆောင်ရွက်သွားကြဖို့ ထက်သန်တက်ကြွစွာ အသင့်ရှိ

> အကြမ်းဖက်မှုတွေ၊ ဆူပူမှုတွေအကြားမှာ ဒီမိုကရေစီကို ဘယ်လိုမှ အောင်မြင်အောင် အကောင်အထည်ဖော်လို့ မရနိုင်ဘူးဆိုတာ အားလုံး နားလည်ပြီးဖြစ်ပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်မှုကို ရနိုင်မယ်၊ တိုင်းပြည်နဲ့ ပြည်သူ ဖွံ့ဖြိုးတိုးတက်မှု အသစ်ဖော်ဆောင်မယ့် ဒီမိုကရေစီ ရှင်သန်ဖွံ့ထွားနိုင်မယ်ဆိုတာ မမေ့စေချင်ပါဘူး။

တွေအကြား ကျီးလန့်စာစား ရုတ်ရုတ်သဲသဲဖြစ်အောင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေ၊ မီဒီယာပေါင်းစုံမှ လှုံ့ဆော်သွေးထိုးမှုတွေနဲ့ အကွက်ကျကျ ပူးပေါင်းစီမံ ဆောင်ရွက်နေကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ပြည်သူတွေကလည်း သူတို့ဒီလမ်းကြောင်းကိုရွေးပြီး ဒီလိုပဲလုပ်ကြလိမ့်မယ်ဆိုတာ အပွေးမြင် အပင်သိ ဆိုသလို တစ်ကွက်ကြိုပြီး သိမြင်နားလည်ထားပြီးသား ဖြစ်နေကြပါပြီ။

ဆန့်ကျင်ဘက်အုပ်စုတွေအနေနဲ့ နိုင်ငံနဲ့ပြည်သူအကျိုးအတွက် ဘာတစ်ခုမျှ မည်မည်ရရ စွမ်းဆောင်ပေးခဲ့တာ မရှိခဲ့တဲ့အပြင် အကျိုးပျက်စေမယ့် လုပ်ရပ်တွေကိုပဲ တစိုက်မတ်မတ် လုပ်လာတာ ကြာခဲ့ပါပြီ။ နိုင်ငံတော်အစိုးရရဲ့ အပြုသဘောလုပ်ရပ်တွေအပေါ်မှာ ထိုင်ရာမထ လက်ညှိုးထိုးအပြစ်ပြောရင်း ဖျက်မျှင်းလုပ်နေတဲ့အချိန်တွေပဲ ဆယ်စုနှစ် နှစ်စုရှိလာခဲ့ပြီ မဟုတ်လား။ အလားတူ သူတို့နဲ့အပေါင်းပါ ပြည်ပြေးတွေဆိုတာလည်း ပြည်ပမှာ မှီခိုကပ်ရပ်နေပြီး Refugee Stay ရဖို့၊ ပြည်ပ

... ပြည်သူ့ဆန္ဒနဲ့အညီ နိုင်ငံတည်ငြိမ် ...းတက်မှုနဲ့အတူ ပြည်သူတစ်ဦးချင်းစီရဲ့ ...အောင်၊ ဥပဒေနဲ့အညီ လွတ်လပ်စွာ ...ခွင့်ရရှိပြီး ပြည်သူအများ ရည်မှန်းတဲ့ ...န်မျက်မှောက်ပြုနိုင်အောင် ကြိုးပမ်း ...သန်တက်ကြွစွာ အသင့်ရှိနေကြပါပြီ။

အထောက်အပံ့ရဖို့လောက်သာ တောင်းရမ်းစားသောက်ရင်း ကိုယ့်နိုင်ငံကိုယ့်လူမျိုးမျက်နှာကို အိုးမဲသုတ်ဖို့ ကြိုးပမ်းရှင်သန်နေရတဲ့ ဓားမနောက်ပိတ် ခွေးဘဝမျိုးတွေပါ။ သူတို့တွေ သူတော်အချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ကြပြီး မကြံအပ် မစည်ရာတွေ ပူးပေါင်းကြံစည်နေကြလေတော့ ဒါကို ဘယ်ပြည်သူက လက်သင့်ခံနိုင်ပါ့မလဲ။

သို့သော် ဆန့်ကျင်ဘက်အုပ်စုများအနေနဲ့ ပြည်တွင်းပြည်ပ ပေါင်းစပ်ပြီး ဘက်ပေါင်းစုံက အဖျက်အမှောင့်လုပ်ငန်းတွေ ဟန်ချက်ညီညီ တိုးမြှင့်လုပ်ဆောင်ရင်း လူထုဆူပူအုံကြွမှုတွေ မဖြစ်ဖြစ်အောင် ဖန်တီးဖော်ဆောင်နိုင်ဖို့ ဦးတည်ကြိုးပမ်းနေကြတာကို ကျွန်တော်တို့ အသိတရားနဲ့ သတိထားကြဖို့လိုပါတယ်။ အကယ်၍များ သူတို့စီမံတဲ့အတိုင်း ဆူပူအုံကြွမှု အကောင်အထည်ပေါ်လာမယ်ဆိုရင် ပြည်ပအင်အားကြီးနိုင်ငံရဲ့ ကြိုးကိုင်လမ်းညွှန်မှုနဲ့ ပြည်တွင်းက နိုင်ငံရေးအုပ်စုတွေ၊ ပြည်ပရောက်ပြည်ပြေးတွေ၊ သောင်းကျန်းသူတွေ ကြိုတင်ဇာတ်တိုက် ပြင်ဆင်ပြီး ““မြန်မာ့နိုင်ငံရေး မတည်မငြိမ်ဖြစ်နေပါပြီ၊ ဒေသတွင်း လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက်တဲ့အနေအထား ရောက်နေပါပြီ၊ အန္တရာယ်ရှိနေပြီ”” ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ နိုင်ငံအစိတ်စိတ်အမြွှာမြွှာ ပြိုကွဲအောင် မီးမောင်းထိုးပုံဖော်လုပ်ဆောင်ကြတော့မှာ မုချပါပဲ။ ပြည်ပအင်အားကြီး နိုင်ငံဦးဆောင်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက တစ်ဆင့် အရေးယူဖို့၊ လုံခြုံရေးကောင်စီက ကြားဝင်ဆောင်ရွက်ဖို့၊ နောက်ဆုံး တစ်နိုင်ငံလုံး ကမောက်ကမဖြစ်ပြီး သူတို့အာဏာရဖို့အထိ ဦးတည်ရည်မှန်း ကြိုးပမ်းဖော်ဆောင်နေခြင်းဖြစ်တယ်ဆိုတာ ထင်ရှားလှပါတယ်။ ဆန့်ကျင်ဘက်အုပ်စုတွေရဲ့ ရပ်တည်ချက်သဘောအမှန်နဲ့ အကြံအစည်များဟာ တကယ်ပဲ အန္တရာယ်ကြီးမားလှပါတယ်။

ဆန့်ကျင်ဘက် နိုင်ငံရေးသမားတွေ၊ ပြည်ပြေးတွေ၊ သောင်းကျန်းသူ အကြွင်းအကျန်တွေ၊ ပြည်ပမှာရှိတဲ့ လူ့အခွင့်အရေးဆိုတဲ့ အဖွဲ့တွေအားလုံး အာဏာမျက်နှာတစ်ခုတည်းနောက်ကို ကောက်ကောက်ပါအောင်လိုက်ရင်း ဆူပူမှုတွေ၊ အကြမ်းဖက်မှုတွေ မဖြစ်ဖြစ်အောင် ကြိုးပမ်းနေကြတာတွေဟာ ပြည်သူအများ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီဖော်ဆောင်မှုကို နှောင့်နှေးအောင်၊ ပျက်ပြားအောင် ဟန့်တားဖျက်ဆီးနေတာနဲ့ အတူတူပါပဲ။ အကြမ်းဖက်မှုတွေ၊ ဆူပူမှုတွေအကြားမှာ ဒီမိုကရေစီကို ဘယ်လိုမှ အောင်မြင်အောင် အကောင်အထည်ဖော်လို့မရနိုင်ဘူးဆိုတာ အားလုံး နားလည်ပြီး ဖြစ်ပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်မှုကို ရနိုင်မယ်၊ တိုင်းပြည်နဲ့ ပြည်သူဖွံ့ဖြိုးတိုးတက်မှ အသစ်ဖော်ဆောင်မယ့် ဒီမိုကရေစီ ရှင်သန်ဖွံ့ထွား နိုင်မယ်ဆိုတာ မမေ့စေချင်ပါဘူး။

အချုပ်အားဖြင့်ပြောရရင် **ကျွန်တော်တို့အားလုံးဟာ ပြည်သူ့ဆန္ဒနဲ့အညီ နိုင်ငံတည်ငြိမ်အေးချမ်းအောင်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ပြည်သူတစ်ဦးချင်းစီရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်၊ ဥပဒေနဲ့အညီ လွတ်လပ်စွာ လုပ်ကိုင်နေထိုင် စွမ်းဆောင်ခွင့်ရရှိပြီး ပြည်သူအများ ရည်မှန်းတဲ့ ဒီမိုကရေစီပန်းတိုင်ကို မြန်မြန်မျက်မှောက်ပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ ထက်သန်တက်ကြွစွာ အသင့်ရှိနေကြပါပြီ။** ဒါကြောင့် ယနေ့ပြည်သူတွေရဲ့ဆန္ဒနဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတဲ့ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ ဖွံ့ဖြိုးတိုးတက်မှု ဆုတ်ယုတ်နိမ့်ပါးအောင်၊ ဒီမိုကရေစီပန်းတိုင်နှင့် အလှမ်းဝေးအောင် နှောင့်ယှက်ဖျက်ဆီးနေသူတွေ၊ သွေးထိုးလှုံ့ဆော်နေသူတွေကို ပြည်သူ့အားနဲ့ ဝိုင်းဝန်းဆန့်ကျင် ဖယ်ရှားသွားကြရမှာသာဖြစ်ကြောင်း သတိစကား ပါးလိုက်ချင်ပါတယ်။ ။

၂၀၀၉ ခုနှစ် တတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဇူလိုင် ၂၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၉ခုနှစ် တတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပလျက်ရှိရာ နေပြည်တော်ပျဉ်းမနား (ပေါင်းလောင်း)အားကစားပြိုင်ကွင်း၌ ကျင်းပသော (ဈ)အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အနိုင်ရရှိ

အဆိုပါ ပြိုင်ပွဲတွင် အားကစားဝန်ကြီးဌာနအသင်းက သစ်တောရေးရာဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ နေပြည်တော် အားကစားကွင်း၌ ကျင်းပသော (ဆ)အုပ်စုမှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့၏ပွဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ နေပြည်တော် လယ်ဝေး အားကစားကွင်း၌ ကျင်းပသော (ဈ)အုပ်စုမှ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အသင်းတို့၏ ပွဲတွင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းက ၁၅ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဒုတိယပွဲစဉ်

အလားတူ ပထမအကြိမ် ပြည်နယ်နှင့်တိုင်း အသက် (၁၇)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ပထမ အကြိုဗိုလ်လုပွဲစဉ်များကို မုံရွာမြို့ရှိ စစ်ကိုင်းတိုင်း အားကစားကွင်း၌ ကျင်းပလျက်ရှိရာ ယနေ့ကျင်းပသော ပထမအကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်၌ မန္တလေးတိုင်းအသင်းက မွန်ပြည်နယ်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်ကစားမည်

ဇူလိုင် ၂၄ ရက် ညနေ ၄နာရီတွင် နေပြည်တော် အားကစားကွင်း၌ (က)အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အသင်းနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အသင်း၊ နေပြည်တော် ပျဉ်းမနား (ပေါင်းလောင်း)အားကစားကွင်း၌ (က) အုပ်စုမှ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော် လယ်ဝေး အားကစားကွင်း၌ (ခ)အုပ်စုမှ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ရှေ့နေချုပ်ရုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး မုံရွာမြို့၌ ကျင်းပလျက်ရှိသော ပထမအကြိမ် ပြည်နယ်နှင့် တိုင်း အသက် (၁၇)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ပထမ အကြိုဗိုလ်လုပွဲ တတိယပွဲစဉ်အဖြစ် ကချင်ပြည်နယ် အသင်းနှင့် စစ်ကိုင်းတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှု မြန်မာ့ဓလေ့နှင့် မြန်မာ့ရှုခင်းစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၃

ဦးသန်းဖေ(ဧည့်လမ်းညွှန်)ရေးသားသည့် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့နှင့် မြန်မာ့ရှုခင်း (မြန်မာ-အင်္ဂလိပ် ဆောင်းပါးပေါင်းချုပ်)စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်သည် ဧည့်လမ်းညွှန်များ၊ မြန်မာမှုကို စိတ်ဝင်စား လေ့လာသူများနှင့် အင်္ဂလိပ်စာ သင်ပြသူ၊ သင်ယူသူများ လက်စွဲပြုသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ယင်းစာအုပ်တွင် ဒဏ္ဍာရီလာသတ္တဝါများ၊ ယဉ်ကျေးမှု အထိမ်းအမှတ်များ၊ စေတီဆိုင်ရာဗိသုကာ၊ မြန်မာ့ရှုခင်း၊ ရိုးရာပွဲတော်များ၊ ရိုးရာအစားအစာများ၊ ရိုးရာယုံကြည်မှုများ၊ ရိုးရာဖျော်ဖြေမှုများနှင့် မြန်မာ့ဓလေ့သိမှတ်ဖွယ်ရာများဟူသည့် အခန်းကိုးခန်းခွဲ၍ ဆောင်းပါးအပိုဒ် ၇၀ ပါရှိကာ မြန်မာ - အင်္ဂလိပ် နှစ်ဘာသာဖြင့် ပန်းချီပုံများနှင့်တကွ သရုပ်ဖော်ချက်များ ပါဝင်သည်။

ဆက်သွယ်ဝယ်ယူလိုပါက ဆုစာပေတိုက် အမှတ် ၁၉၈၊ ၃၉ လမ်း ရန်ကုန်မြို့ ဖုန်း-၂၅၂၆၂၂သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေး ဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားလျှင် ဘယ်လောက်အထိ အန္တရာယ်ကြီးမားနိုင်ပါသလဲ။

ဖြေ။ ။ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် လူမှလူသို့ ကူးစက်မှုမြန်ခြင်း၊ လူသားများတွင် ခံနိုင်ရည်စွမ်းအား မရှိသေးခြင်းတို့ကြောင့် အသက်အရွယ်မရွေး ရောဂါဖြစ်နိုင်ခြင်း၊ ဆေးရုံတက်ရောက်ကုသမှု များပြားလာနိုင်ခြင်း၊ ရောဂါပြင်းထန်သဖြင့် အသက်ဆုံးရှုံးမှုလည်း များပြားလာနိုင်ခြင်း၊ ထို့အပြင် နိုင်ငံ၏အခြေခံဝန်ဆောင်မှုလုပ်ငန်းများ၊ ခရီးသွားလာရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ ထိခိုက်ရပ်ဆိုင်းနိုင်ပြီး စီးပွားရေး ဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် လူ၊ ဆေးဝါး၊ ဆေးပစ္စည်းများနှင့် ပတ်သက်၍ လိုအပ်ချက်များ ပိုမိုများပြားလာခြင်းတို့ကို ရင်ဆိုင်ဖြေရှင်းရပါမည်။

မေး။ ။ ယခင်က ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဖြစ်ပွားခဲ့ဖူးပါသလား။

ဖြေ။ ။ ၁၉၁၈ ခုနှစ်တွင် ပထမအကြိမ် ဖြစ်ပွားခဲ့ပြီး တစ်ကမ္ဘာလုံးတွင် လူသန်းပေါင်း ၄၀ခန့်၊ ၁၉၅၇-၅၈ ခုနှစ် ဒုတိယအကြိမ်တွင် လူဦးရေနှစ်သန်းမှ လေးသန်းခန့်၊ ၁၉၆၈ ခုနှစ် တတိယ အကြိမ်တွင် လူဦးရေနှစ်သန်းခန့် အသက်ဆုံးရှုံးခဲ့သည်ဟု ခန့်မှန်းခဲ့ပါသည်။ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ဒီရေလှိုင်းကဲ့သို့ တစ်ကြိမ်သာမက နှစ်ကြိမ်သုံးကြိမ် ဖြစ်တတ်လေ့ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ သင်ခန်းစာများနှင့် ဆားစ် (SARS) ရောဂါ မဖြစ်ပွားအောင် ကာကွယ်နိုင်ခဲ့သော အတွေ့အကြုံများကို အခြေခံကာ နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၀၄ခုနှစ်ကပင် စတင်၍ ကမ္ဘာ့ လူတုပ်ကွေးကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဇူလိုင် ၂၃

တောင်ငူမြို့နယ်အသင်း စုပေါင်းအလှူ

တောင်ငူမြို့နယ်အသင်း (အုတ်တွင်း၊ ထန်းတပင် အပါအဝင်) စုပေါင်းအလှူနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၂၆ရက် နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မင်္ဂလာဈေးမွှာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များတက်ရောက်ကြရန် နှိုးဆော်ထားသည်။

သွေးလှူရှင်များ လှူဒါန်းနိုင်

ရန်ကုန်တိုင်း သာကေတမြို့နယ်ရှိ သုမနသွေးလှူရှင်အဖွဲ့သည် သွေးလိုအပ်သူများအတွက် သွေးလှူဒါန်းပေးလျက်ရှိရာ အဖွဲ့၏ သွေးလှူဒါန်းမှုကို လေးလတစ်ကြိမ် ပြုလုပ်မည်ဖြစ်သဖြင့် လှူဒါန်းလိုပါက ဖုန်း-၇၂၁၀၆၀၊ ၇၀၃၀၉၉နှင့် ၀၉-၅၀-၇၆၁၃၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

Yangon Expo ၂၀၀၉ ကုန်စည်ပြပွဲကျင်းပမည်

ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ Yangon Expo ၂၀၀၉ ကုန်စည်ပြပွဲကို လာမည့် ဩဂုတ် ၂၀ရက်မှ ၂၃ရက်အထိ ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

စာအုပ်အရောင်းပွဲတော် မန္တလေး၌ကျင်းပမည်

အလင်းသစ်စာအုပ်တိုက် (ရန်ကုန်)၏ စာအုပ်အရောင်းပွဲတော်ကို မန္တလေးမြို့ ၃၅လမ်း၊ ၇၂လမ်းနှင့် ၇၃ လမ်းကြားရှိ ရာပြည့်မန္တလေး စာအုပ်အရောင်းဆိုင်၌ လာမည့် ဩဂုတ်၁ရက်မှ ၅ရက်အထိ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

တော်ဝင်အဝေးပြေးယာဉ်လိုင်း ခရီးစဉ်သစ် ပြေးဆွဲမည်

နေပြည်တော်ရှိ တော်ဝင်အဝေးပြေးယာဉ်လိုင်းမှ ယခုလကုန်တွင် နေပြည်တော်-ကျောက်ပန်းတောင်း-ဆိပ်ဖြူခရီးစဉ်သစ်တစ်ခုကို တိုးချဲ့ပြေးဆွဲတော့မည်ဖြစ်ကြောင်း သိရသည်။

ဗိသုကာအသင်းဆွေးနွေးပွဲ

မြန်မာနိုင်ငံဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို ဇူလိုင် ၂၅ရက် ညနေ ၃နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း)၌ ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူများ တက်ရောက်နိုင်သည်။

ပန်းချီပြပွဲ ပြသလျက်ရှိ

ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ် ၈ မြန်မာ့အနုပညာပြခန်း၌ Spirit Object အမည်ရှိ ပန်းချီပြပွဲကို ဇူလိုင် ၁၉ရက်က ဖွင့်လှစ်ပြသခဲ့ပြီး ဇူလိုင် ၃၁ရက်အထိ ဆက်လက်ခင်းကျင်းပြသထားရာ ပန်းချီဝါသနာရှင်များ လာရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။

အွန်လိုင်းမှ ကြေးနန်းပို့စနစ် စတင်တော့မည်

ဆက်သွယ်ရေးနည်းပညာ တိုးတက်နေသော ယနေ့အချိန်အခါတွင် ကြေးနန်းလက်ခံမည့်သူတွင် အွန်လိုင်းနှင့် အီးမေးလ်ရှိရန်မလိုဘဲ အိမ်တိုင်ရာရောက် ပို့ပေးမည့် အွန်လိုင်းပေါ်မှ ကြေးနန်းပို့စနစ်သစ်(e-telegram)ကို မကြာမီ စတင်အသုံးပြုနိုင်ရန် ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကြားသိရသည်။

သံတမန်ရေးရာသင်တန်းသားများ ဂေါက်သီးရိုက်ပြိုင်မည်

သံတမန်ရေးရာ သင်တန်းသားများ၏ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၂၅ရက် (စနေနေ့) နံနက် ၁၁နာရီတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၅၀-၂၁၄၉၈၊ ၀၉-၅၁-၅၆၂၂၉၊ ၀၉-၅၁-၈၂၅၉၅နှင့် ၀၉-၅၀-၀၀၆၈၆တို့သို့ ဆက်သွယ်နိုင်သည်။

ကုန်တင်ယာဉ်မောင်းနှင်မှု သင်တန်းဖွင့်မည်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (အင်းစိန်)၌ တီအီးကုန်တင်ယာဉ်မောင်းနှင်မှု သင်တန်းကို လာမည့် ဩဂုတ် ၆ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ ဖုန်း-၆၄၀၇၃၉သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

မင်းပြားမြို့ဆိုင်းဘုတ်ကို ရန်ကုန်-စစ်တွေ ကားလမ်းမကြီး မြို့အဝင်တွင် ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

* ရှေ့ဖုံးမှ

နောင်လာမည့်ကာလ၌ မြို့ဖြစ်ထွန်းလာမည်ကိုမြင်၍ ထိုအရပ်ကို လက်ညှိုးညွှန်ပြခဲ့သည်။ မင်းကြီးညွှန်ပြသည်ကို အကြောင်းပြု၍ မင်းပြမှ မင်းပြား ဖြစ်လာခဲ့ပြီး ၁၈၆၇ ခုနှစ်တွင် မြို့ဖြစ်လာခဲ့သည်။ မင်းပြားမြို့ကို မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးသိန်းအောင်နှင့်အတူ မော်တော်ကားဖြင့် လှည့်လည်ကြည့်ရှုပြီးနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးသို့ သွားရောက်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေလင်းထွန်းအား ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများကို မေးမြန်းခဲ့သည်။

အထွက်ကောင်း မိုးစပါး

မင်းပြားမြို့နယ်တွင် အထွက်ကောင်း မိုးစပါးမျိုးဖြစ်သည့် ရတနာအောင်၊ သီးထပ်ရင်၊ မနောသုခ၊ ရွှေဝါထွန်း၊ ကျော်ဇေယျ၊ မော်ဘီဆမ်း၊ ဆင်းသွယ်လတ်၊ ရေဆင်းလုံးသွယ်ကို ၆၄၁၇၁ ဧက စိုက်ပျိုးရာ ၅၃၄၁၅၆၁ တင်းထွက်ရှိပြီး ဒေသမိုးစပါးမျိုးဖြစ်သည့် မီးဒုံး၊ ငစိန်၊ ငကျွဲ၊ ကောက်ညှင်း၊ တောင်ယာတို့ကို ၃၂၉၈၅ ဧက စိုက်ပျိုးရာ ၁၈၃၅၃၅၃ တင်းထွက်ရှိသဖြင့် မြို့နယ်အတွင်း ဆန်စပါးထွက်ရှိမှုက ဖူလုံရုံမက ပိုလျှံနေတော့သည်။

အောင်မြင်ဖြစ်ထွန်း

မိုးစပါးသာမက မြို့နယ်အတွင်း နွေစပါးဧက ၂၀၀ ကို တောင်သူ ၁၃၅ဦးမှ အဝကျေးရွာ၊ ပန်းမြောင်းကျေးရွာ၊ ထိန်ပင်ကျေးရွာ၊ သာယာကုန်းကျေးရွာ၊ ကျောင်းတောင်ကျေးရွာ၊ သင်ပေါင်းချောင်းကျေးရွာ၊ ပြင်ယောင်အိုးကျေးရွာ၊ ပျဉ်ထောင်ကျေးရွာ၊ မင်းဖူးကျေးရွာတို့တွင် စိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ပိုမိုစိုက်ပျိုးနိုင်မည်

နွေစပါး ဖြစ်ထွန်းအောင်မြင်စေရန် ဒေသခံလယ်သမားများသည် မြောင်ချေဆည်မှ ဧက ၅၀၊ မြောင်ကြီးဆည်မှ ရှစ်ဧက၊ သဘာဝစိမ့်ရေဖြင့် ၁၂၂ဧက၊ ချောင်းပိတ် မြောင်းပိတ်ဖြင့် ၁၈ဧက၊ စက်ရေတင်ဖြင့် သုံးဧကဖြင့် ရေသွင်းစိုက်ပျိုးကြပြီး ယခုထက် ပိုမိုစိုက်ပျိုးနိုင်ရန်လည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

ဆောင်းသီးနှံနှင့် စားဖိုဆောင်သီးနှံအဖြစ် မြေပဲ၊ နှမ်း၊ ဆီမုန်ညင်း၊ နေကြာ၊ ပန်းနှမ်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ဗိုလ်ကိတ်၊ အခြားပဲ၊ ငရုတ်စို၊ ငရုတ်ခြောက်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ နံနံပင်၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ ကြံ၊ ကန်စွန်းဥ၊ ပိုက်ဆံလျှော်တို့ကို ဧက ၃၇၈၈၀ တွင် စိုက်ပျိုးလျက်ရှိပြီး အချို့မှာ ရိတ်သိမ်းပြီးနေပေပြီ။

တိုးတက်

မင်းပြားမြို့နယ်တွင် ရပ်ကွက် သုံးခု၊ ကျေးရွာအုပ်စု ၆၂ အုပ်စုရှိပြီး လူဦးရေ ၁၉၇၀၁၈ဦး နေထိုင်ကာ ဆန်ဖူလုံမှုမှာ ၂၁၂ ဒသမ ၈၅ ရာခိုင်နှုန်းဖြစ်ပြီး ဆီဖူလုံမှုမှာ ၁၁၈ဒသမ ၉၁ ရာခိုင်နှုန်းဖြစ်သဖြင့် မင်းပြားမြို့နယ်သည် စိုက်ပျိုးရေး အောင်မြင်သည့် မြို့နယ်ဖြစ်သည်မှာ သေချာနေပြီး ဒေသခံလယ်သမားတို့မှာလည်း စီးပွားရေးကောင်းမွန်သဖြင့် ရပ်မြင်သံကြား အပေါ်စက်၊ အောက်စက်၊ မော်တော်ဆိုင်ကယ်၊ တယ်လီဖုန်းတို့ဖြင့် စီးပွားတိုးတက်စည်ပင်နေပြီ ဖြစ်သည်။

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် မြို့ပြရေပေးရေးလုပ်ငန်းတစ်ခု ခွင့်ပြုငွေကျပ် ၅၅၅၀၀၀၀ဖြင့် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးဖြစ်သကဲ့သို့ ကျေးလက်လုပ်ငန်း ငါးခုကိုလည်း ခွင့်ပြုငွေကျပ် ၂၄၃၄၅၀၀၀ဖြင့် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီး ဖြစ်သည်။

မြေချစိုက်ပျိုး

ကျေးလက်တံတားလုပ်ငန်း လေးခုကို လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးဖြစ်ကာ ကျေးလက်ရေပေးရေး လုပ်ငန်း ၁၀ ခုမှာလည်း အားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်သည်။ မင်းပြားမြို့နယ်စည်ပင်သာယာရေးမှ မြို့သာယာလှပရေး လုပ်ငန်းများအဖြစ် လုပ်ငန်းခြောက်ခုကိုလည်း ဆောင်ရွက်ပြီး ဖြစ်သည်။ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မှုအတွက် အရိပ်ရပင် ၃၀၀၀၀၊ ပန်းအလှပင် ၈၇၅၀၀ ကို အဖွဲ့ပိုင် ပျိုးဥယျာဉ် ပျိုးထောင်ထားရှိပြီး မြို့အဝင် လမ်းဘေး ဝဲယာတွင် အရိပ်ရပင် ၁၀၀၀၀၊ မြို့တွင်း လမ်းဘေး ဝဲယာများတွင် ပန်းအလှပင် ၆၀၀၀ကို မြေချစိုက်ပျိုးပြီး ဖြစ်သည်။

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်က ကျေးလက်လမ်းခွင့်ပြုငွေကျပ် ၁၉၅ သိန်းနှင့် ကျေးလက်ရေပေးရေး ရေကန် အဆင့်မြှင့်ခြင်း ၁၀ရွာအတွက် ခွင့်ပြုငွေကျပ်သိန်း ၂၀ စုစုပေါင်း ငွေကျပ် ၂၁၅သိန်း ခွင့်ပြုခဲ့သဖြင့် ဆောင်ရွက်ခဲ့ရာ ကျေးလက်လမ်းအတွက် လုပ်ငန်းပြီးစီးမှုမှာ ၃၅ ရာခိုင်နှုန်း ပြီးစီး၍ ရေကန်အဆင့်မြှင့်ခြင်းအတွက် လုပ်ငန်းပြီးစီးမှုမှာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်သည်။

တွက်ချက်တင်ပြ

ယခုအခါ ကျေးလက်လမ်း တစ်လမ်းကို လက်ရှိဆောင်ရွက်လျက်ရှိပြီး မြို့ပြလမ်းနှစ်လမ်းနှင့်ကျေးလက်တံတား တစ်စင်းကို နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်နိုင်ရန် အသေးစိတ်ခန့်မှန်းရေးဆွဲ တွက်ချက်တင်ပြပြီးကြောင်း မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးသိန်းအောင်က ပြောပြသည်။

မင်းပြားမြို့နယ်အတွင်း စည်ပင်သာယာဝန်ထမ်းများက သန့်ရှင်းရေး ဆောင်ရွက်နေကြစဉ်။ (မြန်မာ့အလင်း)

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းအောင်နှင့် ဝန်ထမ်းများက မြို့နယ်ကျေးလက် လမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြန်မာ့အလင်း)

လွန်စွာကျေးဇူးတင်

မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သောင်းရွှေ၊ ရုပ်သံကျွမ်းကျင်(၃) ဦးအေးချမ်းစိန် တို့က ရာမောင်တံတား၊ နွေစပါးစိုက်ခင်းနှင့် မီးဖိုလုပ်ငန်းများသို့ လိုက်ပို့သည်။ အတူပါလာသည့် ဒေသခံယာဉ်မောင်း ကိုအောင်နိုင်ဦးက "ရန်ကုန်-စစ်တွေ မော်တော်ကားလမ်းနဲ့ အတူ မင်းပြား-ရန်ကုန်-စစ်တွေ မော်တော်ကားလမ်း ပေါ်ပေါက်လာတဲ့ အတွက် မင်းပြားဒေသခံများအဖို့ နိုင်ငံတော်အစိုးရကို လွန်စွာကျေးဇူးတင်နေပါကြောင်း၊ ယခင်က ရေကြောင်းလမ်း တစ်ခုတည်း အားကိုးရသဖြင့် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ပညာရေးများစွာ နောက်ကျခဲ့ပါကြောင်း၊ ယခင်က တစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်း လူ၊ ကုန်ပစ္စည်းများ လှေသမ္မန်စသည်ဖြင့် ခက်ခဲစွာကူးရသဖြင့် အချိန်နှင့် ငွေကုန်ကျမှု များပြားခဲ့ရပြီး ရာသီဥတုကြောင့် အသက်အန္တရာယ်နှင့် ပစ္စည်းဆုံးရှုံးခဲ့ရကြောင်း၊ ယခုအခါ ရာမောင်တံတား တည်ဆောက်ပေးသဖြင့် အန္တရာယ်ကင်းပြီး အချိန်မရွေး၊ ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း" ယာဉ်မောင်းရင်း ပြောပြသည်။

အရှည်ပေ ၁၃၀၀ ရှိကာ ရန်ကုန်-စစ်တွေ ကားလမ်းမကြီးပေါ်ရှိ မင်းပြားမြို့အတွက် အရေးပါသည့် ရာမောင်တံတားကြီးကို ဤသို့ခံ့ထည်လှပစွာ တွေ့ရသည်။ (မြန်မာ့အလင်း)

နှင်းရည်ဖြင့်စိုက်ပျိုး

ရာမောင်တံတားသွား မော်တော်ကားလမ်း ဝဲဘက်တွင် နှင်းရည်ဖြင့် စိုက်ပျိုးထားသည့် စိမ်းစိုနေသော ဆောင်းသီးနှံ၊ စားဖိုဆောင်သီးနှံ စိုက်ခင်းများ၊ သဘာဝရေဖြင့် စိုက်ပျိုးထားသော မိုးစပါးခင်းအချို့ကိုအားပါးတရ ငေးမောကြည့်နေရင်း အမ်းမြို့သို့ ဦးတည်နေသည့် မော်တော်ကားသည် ရာမောင်တံတားအနီးရှိ ဆောက်လုပ်ရေး စီမံကိန်းရုံးဝင်းအတွင်းရောက်ရှိရာ တံတားစီမံကိန်း တာဝန်ခံအင်ဂျင်နီယာက ခိုင်ခံ့ တောင့်တင်းသည့် ရန်ကုန်-စစ်တွေ မော်တော်ကားလမ်းမပေါ်ရှိ ရာမောင်တံတားနှင့် ပတ်သက်၍ သတင်းခရီးသည်ကို ရှင်းပြသည်။

အသိအမှတ်ပြုရမည်

"ရာမောင်တံတားသည် အလျား ပေ ၁၃၀၀ ရှည်ကာ ယာဉ်သွားလမ်း အကျယ် ၂၄ပေ ၇လက်မ၊ လူသွားလမ်း အကျယ် ၅ပေ၊ တံတားအောက်ရေလမ်း ကင်းလွတ်နယ်မြေ အကျယ် ပေ ၉၅၀၊ အမြင့် ပေ ၂၀ ဖြစ်ပြီး တံတားအမျိုးအစားမှာ နှစ်လမ်းမောင်း ဘေလီတံတားဖြစ်ကြောင်း၊ အောက်ခြေဘိုးပိုင် သံကူကွန်ကရစ်ဖြစ်ပြီး ခွင့်ပြုအလေးချိန်မှာ တန်၂၀နှင့် နောက်တွဲယာဉ် ၁၆တန်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းကို ၁၉၉၇ခုနှစ် ဩဂုတ်လ ၂၂ရက်တွင် စတင်ပြီး ၁၉၉၉ခုနှစ် ဩဂုတ် ၂ရက်တွင် ပြီးစီးကာ ၁၉၉၉ခုနှစ် ဒီဇင်ဘာလ ၁၅ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်ခဲ့ကြောင်း" ပြောပြသည်။ သတင်းခရီးသည်သည် ရာမောင်တံတားမှ ခရီးဆက်ပြီး အဝကျေးရွာအုပ်စု အဝရွာတွင် တစ်ဆက် တစ်စပ်တည်း ဧက ၅၀ နွေစပါးခင်းကို သွားရောက်ကြည့်ရှုသည်။ ရေငန်များသာ ဝန်းရံထားသည့် ဒေသတွင် နွေစပါး အောင်ရေရရန် ကြိုးပမ်းမှုဖြင့် ဒေသခံလယ်သမားများ ဝင်ငွေတိုးစေရန် ကြိုးပမ်းမှုကို အသိအမှတ်ပြုရမည်ဖြစ်သည်။

အသိအမှတ်

အလားတူ ဆောင်းကာလနှင့် ရေမြင့်ဆောင်းသီးနှံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံများ စိုက်ပျိုးရန် ကြိုးကြပ်စည်းရုံးသည့် မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးသည့် ဒေသခံ တောင်သူများ၏ ညီညွတ်မှုစွမ်းပကားကိုလည်း အသိအမှတ်ပြုရပေတော့မည်။ ။

(မြန်မာ့အလင်း)

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၃

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Aloke Sen ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စက်မှုစီမံကိန်းလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စတို့ကို အကျယ်တဝင့် ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့တံခွန်စိုက် ရေကူးပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာရေကူးအဖွဲ့ ရောမသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၃

အီတလီနိုင်ငံ ရောမမြို့တွင် ဇူလိုင် ၁၈ရက်မှ ဩဂုတ် ၂ရက်အထိ ကျင်းပလျက်ရှိသည့် (၁၃)ကြိမ်မြောက် ကမ္ဘာ့တံခွန်စိုက် ရေကူးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာရေကူးအဖွဲ့သည် ယမန်နေ့က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဝင် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အမှုဆောင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ (အပေါ်ပုံ)

မြန်မာရေကူးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး အား/က)၊ အုပ်ချုပ်နည်းပြအဖြစ် ဦးဖြိုးကိုကိုတင့်ဆန်း၊ အားကစားသမားများအဖြစ် ဇင်မောင်ထက်နှင့် အောင်ဇော်ဖြိုးတို့လိုက်ပါသွားကြသည်။

ပြိုင်ပွဲဝင် မြန်မာရေကူးကစားသမား နှစ်ဦးမှာ လူငယ်ကစားသမားများ ဖြစ်ပြီး (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် အသက်ငယ်ရွယ်ပြီး အလားအလာရှိသည့် လူငယ်ကစားသမားများဖြစ်၍ အတွေ့အကြုံရရှိစေရန်နှင့် ကမ္ဘာ့ထိပ်တန်း ရေကူးကစားသမားများထံမှ နည်းပညာကောင်းများရရှိစေရန် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ် ကြောင်းသိရသည်။ (မြန်မာ့အလင်း)

ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်

ရန်ကင်းမြို့နယ် (၂)ရပ်ကွက် အခန်း ၃ တိုက် ၂၆၃နေ ဒေါ်တင်တင်ဝင်း မိသားစုက ဦးမျိုးမြင့်(မီးသတ်ဦးစီးအရာရှိ၊ ပြည်မြို့) အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေ ကျပ်ငါးသိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးထွန်းအေးက ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ဥတုရာသီ တောကိုမှီ၏

ဇူလိုင် ၂၃ရက်က ထိုင်းနိုင်ငံ ဗန်ကောက်၌ ကျင်းပသည့် JUA Referee Seminar and IJF Continental Examination သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ ဒိုင်လူကြီးများဖြစ်ကြသော ခွဲတပ်ကြပ်ကြီး ဇော်လွင် (ကာကွယ်ရေးဝန်ကြီးဌာန)နှင့် ဒေါ်ခင်မူမူ (ဆောက်လုပ်ရေးဝန်ကြီးဌာန) တို့ ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မထွက်ခွာမီ တွေ့ရစဉ်။ (မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်)

The Live News ဂျာနယ် အမှတ်(၁၃၉) ထုတ်ဝေဖြန့်ချီ

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၃၉)တွင် ဆင်ဖြူကျွန်း အောင်သိန်း၏ ကြိုးစားဖို့နှင့် စည်းလုံးဖို့၊ မြင်းမူမောင်နိုင်မိုး၏ စာပေရနံ့ သင်းပျံ့ထုံဝေ ရွှေတိုင်းဌာနေ စစ်ကိုင်းမြေ၊ နီမင်းဆွေ၏ ခေါက်ရာငှက်၏ ခြေရာ (၃)၊ ကိုကိုလှိုင်၏ အင်ဒိုနီးရှား၌ တစ်ကျော့ပြန်ခေါင်းထောင်လာသည့် အကြမ်းဖက်မှုအန္တရာယ်၊ မောင်မြတ်မွန် (ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက အခြေခံအဆောက်အအုံရဲ့ မူလဘူတ 'မြေ' သမိုင်းကြောင်း(၁၇) ဗိုလ်တထောင်မြို့နယ်က ရေးဟောင်းလက်ရာ Missionaryများရဲ့ မြေအမည်ပေါက်များ၊ အောင်လှျမ်းဝေ၏ ဂျိုင်းမြစ်ရေလျှဉ် စီးမြဲပင်တည့်၊ ကြိုင်လှျမ်း၏ ပင်လယ်ပျော်သင်္ဘောသား အင်္ဂလိပ်စကား(၁၁)၊ တက္ကသိုလ်မောင်သုလှိုင်၏ ပေါက်ဖော်တို့ တိုင်းပြည် မီဒီယာခရီးတစ်ခေါက်(၆)၊ အာရှမိုး၏ တာရိအာဆို၏ ဆာမူရိုင်းဓားကြိမ်းနှင့် သွေးပျက်စပြုလာသော အယ်လ်ဒီပီနောက်လိုက်များ၊ လွှတ်တော်နဲ့ သမ္မတကြား အစေးကပ်အောင်မနည်းကြိုးစားနေရတဲ့ အမေရိကန် ကျန်းမာရေးစောင့်ရှောက်မှုပြဿနာ၊ သမ္မတ အိုဘားမားနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဘားနတ်မက်ဒေါ့ဖ်လို လူမျိုးအတွက် နှစ်ပေါင်း၁၅၀ ဆိုတာ၊ တစ်မိဝမ်းတွင်း တစ်အူထုံ့ဆင်း အသားအရောင်သုံးမျိုးရှိ မောင်နှမတစ်စု၊ ကမ္ဘာ့ငွေကြေးလဲလှယ်နှုန်း၊ ကမ္ဘာ့ရွှေဈေး၊ မြန်မာ့ရွှေဈေး၊ ထင်ပေါ်ကျော်ကြားကိုရီးယားအနုပညာရှင်များ၊ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက် ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင်ကျပ် ၅၈၅၀၊ ၆လ ၂၆စောင် ကျပ် ၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ်၃၁၀ အခန်း(၀၀၄) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၅၊ ၂၁၅၀၈၁နှင့် MARKET CARE (Distribution Service) အမှတ် ၅၅(ပထမထပ်) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပုန်းတလုတ်ကန် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

ပင်းတယ ဇူလိုင် ၂၃

ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့လယ်ပုန်းတလုတ်ရေကန် သန့်ရှင်းသာယာ လှပရေးအတွက် ဇွန် ၂၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများ သန့်ရှင်းရေးဆောင်ရွက်နေကြရာသို့ တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ (မြို့နယ် ပြန်/ဆက်)

ကျောက်တံခါး၌ ခြင်ဆေးဖျန်း လုပ်ငန်းဆောင်ရွက်

ကျောက်တံခါး ဇူလိုင် ၂၃

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားရေးအတွက် ကျောက်တံခါးမြို့ပေါ်ငါးရပ်ကွက်၊ ဈေး၊ အမက၊ အထကတို့တွင် ဇွန် ၄ရက်မှ ၇ရက်အထိ ခြင်ဆေးဖျန်းစက်ဖြင့် ပက်ဖျန်းပေးလျက်ရှိရာ ဇွန် ၇ရက်က အမှုဆောင်အရာရှိဦးလွန်းတင်နှင့် ဈေးတာဝန်ခံဦးစိုးမင်းတို့က မြို့မဈေး ပိတ်သိမ်းချိန်၌ ခြင်ဆေးဖျန်းမှုကို ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း သန်လျင်မြို့နယ်နှင့် သာကေတမြို့နယ်တို့၌ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့နှင့် လူနေအိမ်အချို့ အမိုးပျက်စီးမှုများရှိခဲ့

ရန်ကုန် ဇူလိုင် ၂၃

ဇူလိုင်၂၀ရက်က ရန်ကုန်တိုင်း သန်လျင်မြို့နယ်နှင့် သာကေတမြို့နယ်တို့၌ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့နှင့် နေအိမ်အချို့ အမိုးပျက်စီးမှုများ ရှိခဲ့ကြောင်း သိရှိရသည်။

ဇူလိုင် ၂၀ရက် မွန်းလွဲ ၁၂နာရီ မိနစ် ၅၀ခန့်မှ ၁နာရီခန့်အထိ သန်လျင်မြို့နယ် သပြေကုန်းကျေးရွာ၌ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လူနေအိမ် ၁၂လုံးခန့် အမိုးများ ပျက်စီးခဲ့ပြီး မွန်းလွဲ၁နာရီမှ ၁နာရီ ၄၅မိနစ်အထိ သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ အေးမေတ္တာအပိုင်း လယ်ကွင်း၌ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လယ်ကွင်းစပ်ရှိ နေအိမ်သုံးလုံးခန့် အမိုးများ ပျက်စီးသွားခဲ့ကြောင်း သိရှိရသည်။

သာကေတ

အလားတူ ဇူလိုင်၂၀ရက် မွန်းလွဲ ၂နာရီ ၃၅မိနစ်မှ ၂နာရီ ၄၅မိနစ်ခန့်အထိ သာကေတမြို့နယ်၌ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ရှုခင်းသာရပ်ကွက်၊ ရှုခင်းသာမြို့ပတ်လမ်း၊ ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် ခရီးသည်နားနေဆောင် ခန်းမ အမိုးသွပ် အချပ်၅၀ခန့် လေထဲလွင့်ပါသွားခဲ့ပြီး မှန် ၁၅ချပ် ကွဲအက်ပျက်စီးကာ ကုန်သေတ္တာအချို့ ပြုတ်ကျပျက်စီးမှုရှိခဲ့ကြောင်း၊ ယုဇနဆီအုန်းစက်ရုံဝင်းရှိ ပစ္စည်းသိုလှောင်ဂိုဒေါင် ပြိုကျပျက်စီးသွားခဲ့ပြီး ရှုခင်းသာမြို့ပတ်လမ်းအတွင်းရှိ အဆောက်အအုံအချို့နှင့် လူနေအိမ်အချို့ အမိုးများ ပျက်စီးမှုရှိခဲ့ကြောင်း သိရှိရသည်။

ပြန်လည်ပြင်ဆင်

လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှု မရှိကြောင်းနှင့် အဆောက်အအုံနှင့် လူနေအိမ် ပျက်စီးမှုများကို တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ပြန်လည်ပြင်ဆင်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ဆောင် ခြောက်နှစ်ဆက်တိုက် ရွှေတံဆိပ်ဆုရှင်နှင့် မြန်မာ့လက်ရွေးစင် စစ်တုရင်ချန်ပီယံ အေးလွင်

သတင်းမှတ်စုနှင့်ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-သက်နိုင်

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံအတွင်းရှိ အားကစားအဖွဲ့ချုပ် အသီးသီးသည် မိမိတို့အားကစားနည်းများအလိုက် အားကစားနည်းများကို မြန်မာနိုင်ငံအတွင်း ပျံ့နှံ့အောင်ဖော်ဆောင်လျက်ရှိသည့်အပြင် မိမိတို့နိုင်ငံဂုဏ်ကို ဖော်ဆောင်မှုနှင့် အောင်နိုင်မှုရရှိရေးအတွက် အစွမ်းကုန် လေ့ကျင့်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြသည်။

လှုပ်ရှားရန်းကန်

အဆိုပါအဖွဲ့ချုပ်များအနက် ဦးနှောက်ကို အသုံးများပြီး စိတ်တည်ငြိမ်မှုနှင့်ကစားကွက်ကို စီးမိအောင် ဖော်ဆောင်လျက်ရှိသည့် ကစားနည်းတစ်ခုမှာ စစ်တုရင်ကစားနည်းပင်ဖြစ်ပေသည်။ လူ့ဘောင်ပတ်ဝန်းကျင်တွင် လူသားအသီးသီးသည် မိမိတို့စားဝတ်နေရေးအတွက် လှုပ်ရှားရန်းကန်နေလျက်ရှိပေသည်။

ရေးသားဖော်ပြ

မိမိတို့ လူမှုကိစ္စအဝဝအတွက် ဆောင်ရွက်လျက်ရှိကြပေသည်။ ယင်းတို့အနက် စာရေးသူသည် မျက်စိလည်းအနည်းငယ်သာမြင်ပြီး နားလည်းမကြား၊ စကားအနည်းငယ်သာ ပြောတတ်သည့် ခြောက်နှစ်ဆက်တိုက် ပထမရရွှေတံဆိပ်ဆုရှင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဒုဦးစီးမှူးဦးအေးလွင်နှင့် တွေ့ဆုံ၍ သူ၏လက်ရွေးစင်ဖြစ်ရန် ကြိုးစားမှု၊ နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်မှုနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းကာ ရေးသားဖော်ပြလိုက်ရပါသည်။

လေ့ကျင့်မှုမှန်မှန်

မြန်မာ့လက်ရွေးစင် စစ်တုရင်ချန်ပီယံ အေးလွင်က "မိမိသည် စစ်တုရင်ကစားလာသည်မှာ နှစ်ပေါင်း ၃၆ နှစ်ရှိပြီဖြစ်ကြောင်း၊ စစ်တုရင်ကစားနည်းသည် စိတ်တည်ငြိမ်မှုရရှိအောင်ကြိုးစားပြီး ပြိုင်ဘက်ကစားသမားများ၏ကစားကွက်ကိုကြည့်ပြီး မိမိအသာစီးရအောင် လက်ဦးမှုရရှိအောင် ကစားကွက်ကို ဖော်ဆောင်လျက်ရှိကြောင်း၊ လူငယ်စစ်တုရင် ကစားသမားများအနေဖြင့် ဖွဲ့မလျှော့ဘဲ လေ့ကျင့်မှုမှန်မှန်ဖြင့် နေ့စဉ်ကြိုးစားကစားရမည် ဖြစ်ကြောင်း။

မိမိအနေဖြင့် ထိပ်တန်းအဆင့်ရောက်ရှိလာအောင် စစ်တုရင်စာအုပ်၊ စာတမ်းများ ဝယ်ယူ၍ ဖတ်ရှုလေ့လာပြီး လေ့ကျင့်ရကြောင်း၊ မိမိသည် ၁၉၉၉ခုနှစ်နှင့် မတ်လတွင်မျက်စိခွဲစိတ်ခဲ့သော်လည်း ပြန်မကောင်းဘဲ တဖြည်းဖြည်း မှုန်ဝါးလာခဲ့ကြောင်း၊ နိုင်ငံတကာပြိုင်ပွဲများအနေဖြင့် ၁၉၉၁ခုနှစ် အောက်တိုဘာလတွင် မလေးရှားနိုင်ငံ ပီနန်မြို့တွင်ကျင်းပသည့် အာရှပစိဖိတ် အသင်းလိုက်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် မိမိတို့မြန်မာအသင်းက စတုတ္ထဆု ချိတ်နိုင်ခဲ့ကြောင်း၊ ၁၉၉၂ခုနှစ် ဖေဖော်ဝါရီလတွင် UAE နိုင်ငံ ဒူဘိုင်းမြို့တွင် ကျင်းပသည့် အာရှမြို့တော်များ စစ်တုရင်အသင်းလိုက်ပြိုင်ပွဲတွင်ပါဝင်ဆင်နွှဲခဲ့ရာ မြန်မာအသင်း စတုတ္ထအဆင့်သာ ကျနေခဲ့ရကြောင်း။

ပြောကြား

၁၉၉၇ ခုနှစ် ဇူလိုင်လတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပသည့် ကမ္ဘာ့မြို့တော်များနှင့် အာရှမြို့တော်များ၊ အသင်းလိုက်စစ်တုရင်ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မိမိပါဝင်သော မြန်မာအသင်းက ရွှေတံဆိပ်နှင့် တစ်ဦးချင်း ရွှေတံဆိပ် မိမိရရှိခဲ့ကြောင်း၊ နံနက် ၈နာရီမှ ၁၀နာရီ ၄၅မိနစ်အထိ၊ ညနေ ၆နာရီမှ ၉နာရီအထိ စစ်တုရင်လေ့ကျင့်မှုများ ပြုလုပ်ကြောင်း၊ မိမိတို့အဖွဲ့ လေ့ကျင့်နေကြောင်း၊ လူငယ်စစ်တုရင်သမားများအနေဖြင့် ထိပ်တန်းအဆင့် စစ်တုရင်သမားဘဝရောက်ရှိအောင် စစ်တုရင်နှင့်ပတ်သက်သည့် စာအုပ်စာတမ်းများဝယ်ယူဖတ်ရှုပြီး နေ့စဉ်လေ့ကျင့်လျက် ကြိုးစားကစားရမည် ဖြစ်ကြောင်း" မြန်မာ့အလင်းအဖွဲ့သို့ ပြောကြားခဲ့သည်။ ॥

(မြန်မာ့အလင်း)

ရွှေတံဆိပ်ဆုရှင် မြန်မာ့လက်ရွေးစင် စစ်တုရင်ချန်ပီယံ အေးလွင်။ (မြန်မာ့အလင်း)

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

အစီကပြိုင်ဘက်အဖြစ် မန်ယူ ဆက်လက်တည်ရှိမည်
ကွင်းလယ်ကစားသမား ရှိုင်ယန်ဂစ် ဖွင့်ဟပြောကြား



လန်ဒန် ဇူလိုင် ၂၃

ပါရမီရှင်ဘောလုံးသမားများဖြစ်သည့် စီရိုနယ်ဒိုနှင့် ကားလို့စ်တီဗက်ဇ်တို့ မရှိသည့်တိုင်အောင် မန်ယူအသင်းအနေဖြင့် ပရီမီယာလိဂ်တွင် အစီကပြိုင်ဘက်အသင်းကြီးအဖြစ် ဆက်လက်တည်ရှိကာ အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဟု ယုံကြည်ကြောင်း မန်ယူဂန္ထဝင်ကစားသမား ရှိုင်ယန်ဂစ်က ဖွင့်ဟပြောကြားခဲ့သည်။

အစီကမောင်းနှင်အား

မန်ယူမှထွက်ခွာသွားသော စီရိုနယ်ဒိုနှင့်တီဗက်ဇ်တို့သည် လွန်ခဲ့သော ၂၀၀၈ ခုနှစ် ဘောလုံးရာသီက မန်ယူအသင်း ချန်ပီယံလိဂ် ချန်ပီယံသရဖူဆောင်းနိုင်ရေးအတွက် တိုက်ပွဲဝင်ရာတွင် အစီကမောင်းနှင်အားများ ဖြစ်သည်ဟုဆိုသည်။

(အင်တာနက်)

လီဗာပူးကွင်းလယ်မှ မာရှယ်ယာနို ဘာစီလိုနာသို့ ပြောင်းရွှေ့လို

လန်ဒန် ဇူလိုင် ၂၃

လီဗာပူးကွင်းလယ် ကစားသမား မာရှယ်ယာနိုသည် စပိန်သို့ပြောင်းရွှေ့ရန် စိတ်ဝင်စားကြောင်း ကြေညာသည့် လီဗာပူး ကွင်းလယ်ကစားသမား ဖြစ်လာကြောင်း သတင်း၌ ဖော်ပြသည်။ ယခုသီတင်းပတ် စောစောပိုင်းက ရီးရဲမက်ဒရစ်အသင်း၏ ခေါ်ယူခြင်းခံရသော ဇာဘီအလွန်ဆိုက ယင်းအသင်းသို့ ပြောင်းရွှေ့လိုကြောင်း ပြောကြားခဲ့သေးသည်။

အခိုင်အမာပြောကြား

ယခုအခါ အာဂျင်တီးနားနှင့် လီဗာပူးကွင်းလယ်ကစားသမား မာရှယ်ယာနိုသည် အင်္ဂလန် ပရီမီယာလိဂ်၌ကစားရသည်ကို ငြီးငွေ့လာပြီဖြစ်ပြီး ဘာစီလိုနာသို့ပြောင်းရွှေ့ကစားလိုကြောင်း ပြောကြားခဲ့သည်ဟု ၄င်း၏ အေးဂျင့်ကဆိုသည်။ အသက် ၂၅ နှစ်ရှိ မာရှယ်ယာနိုအား ချန်ပီယံလိဂ် ချန်ပီယံဘာစီလိုနာက ဖွဲ့ကောင်းကောင်းဖြင့် မရမနေခေါ်ယူရန် ဆက်သွယ်လျက်ရှိသည်။ သို့သော်လည်း မာရှေယာနိုအား ရောင်းမည်မဟုတ်ကြောင်း လီဗာပူးနည်းပြ ဘင်နီတက်ဇ်က အခိုင်အမာ ပြောကြားခဲ့သည်။

(အင်တာနက်)

ချယ်လ်ဆီးမှ တယ်ရီထွက်ခွာမည်မဟုတ် တိုက်စစ်မှူး ဒရော့ဘာ ဖွင့်ဟပြောကြား

လန်ဒန် ဇူလိုင် ၂၃

ချယ်လ်ဆီးခံစစ်မှူးနှင့် အသင်းခေါင်းဆောင်ဂျွန်တယ်ရီသည် မည်သည့်အသင်းသို့မျှ ထွက်ခွာမည်မဟုတ်ဟု ယုံကြည်ကြောင်း တိုက်စစ်မှူးဒရော့ဘာက ထုတ်ဖော်ပြောကြားခဲ့သည်။

ဆက်လက်ကစားမည်

ဒရော့ဘာသည် ဇူလိုင် ၂၀ရက်ညက အမေရိကန်နိုင်ငံ၌ အင်တာမီလန်အသင်းကို ချယ်လ်ဆီးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသောပွဲစဉ်တွင် ဂိုးသွင်းယူပေးခဲ့သည်။ ယင်းပွဲစဉ်အပြီးတွင် တယ်ရီသည် ချယ်လ်ဆီးအသင်း၌ ကာလကြာရှည်စွာ ဆက်လက်ကစားမည်ဖြစ်ကြောင်းကြေညာခဲ့သည်။ (အင်တာနက်)

ဒစ်စတင်အားခေါ်ယူရန် ကမ်းလှမ်းခဲ့မှု ပို့စ်မောက်အသင်း ပယ်ချခဲ့ဟုဆို

လန်ဒန် ဇူလိုင် ၂၃

ပို့စ်မောက်အသင်း ခံစစ်မှူး ဒစ်စတင်အား ခေါ်ယူရန်ကမ်းလှမ်းမှုကို ယင်းအသင်းက ငြင်းဆိုလိုက်ပြီး ၄င်းသည် အသင်း၌သာ ဆက်လက် ကစားမည်ဖြစ်ကြောင်း နည်းပြပေါလ်ဟတ်က အတည်ပြုပြောကြားလိုက်သည်။

ကြိုးပမ်းနေ

ဒစ်စတင်အားခေါ်ယူရန် ကမ်းလှမ်းမှုကို ချက်ချင်းပင်ပယ်ချခဲ့ကြောင်း၊ အသက် ၃၁နှစ်ရှိ ဒစ်စတင်သည် မည်သည့် အခြေအနေမျိုးတွင်မဆို အသင်းမှထွက်ခွာမည်မဟုတ်ကြောင်း ဟတ်က ထုတ်ဖော်ပြောကြားခဲ့သည်။ ဆူလိုင်မန်အယ်ဖာဟင်မ်က လွှဲပြောင်းယူရန် မသေချာသော ယင်းအသင်းတွင် ကစားသမားများ၏ အနာဂတ်မှာ မရေမရာဖြစ်နေသည်။ သို့သော်လည်း ဟတ်သည် အသင်းအား အမြဲတမ်းနည်းပြအဖြစ် လွှဲပြောင်းရယူပြီးကတည်းက အသင်း၏ အကောင်းဆုံးကစားသမားများအား ဆက်ထိန်းထားရန် ကြိုးပမ်းနေသည်။

(အင်တာနက်)

ကမ္ဘာ့အဆင့်(၂)တင်းနစ်ကစားသမား နာဒယ်လ် ဒူးဒဏ်ရာကြွခိုင်မှု ပြန်လည်ပြည့်ဝလာခဲ့ပြီဟုဆို



မက်ဒရစ် ဇူလိုင် ၂၃

နှစ်လနီးပါးမျှ တင်းနစ်ပြိုင်ပွဲမြင်ကွင်းမှ ပျောက်ကွယ်ကာ ဒဏ်ရာကြောင့်အနားယူခဲ့ရသူ ကမ္ဘာ့အဆင့်(၂) တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်လ်သည် ဒဏ်ရာသက်သာကာ ပထမဆုံးအကြိမ် တင်းနစ်လေ့ကျင့်ကွင်းဆင်းနိုင်ခဲ့ပြီးနောက် ၄င်းအနေဖြင့် ကြံ့ခိုင်မှုပြည့်ဝလာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ အသက် ၂၃နှစ်ရှိ စပိန်တင်းနစ်ကစားသမားနာဒယ်သည် ဒူးတွင် ကြွက်သားအစွန်း အရွတ်ရောင်ရောဂါရရှိခဲ့မှုကြောင့် ၄င်း၏ ဝင်ဘယ်တန်တင်းနစ်ဖလား ကာကွယ်နိုင်မည့် အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ (အင်တာနက်)

ချစ်စိုးနိုင်စုစည်းသည်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည်စုစည်းတင်ပြ၍ ဇင်မင်းသန့်စာမျက်နှာဖွဲ့စည်းသည်

ထရေဇီဂေးအား လီဗာပူးခေါ်ယူမည်

ဂျူဗင်းတပ်စ်တိုက်စစ်မှူး ထရေဇီဂေးအား ခေါ်ယူရန်အတွက် စီစဉ်နေပြီဖြစ်ကြောင်း အေစီမီလန်ကလပ် ဒုတိယဥက္ကဋ္ဌ အက်ဒရီယာနိုက ထုတ်ဖော်ပြောကြားသည်။

ရီးရဲမက်ဒရစ်က အလွန်ဆိုအားခေါ်ယူလို

ရီးရဲမက်ဒရစ်အသင်းက လီဗာပူးကွင်းလယ်ကစားသမား အလွန်ဆိုအား ပြောင်းရွှေ့ကြေး ပေါင်၃၅သန်းပေး၍ ခေါ်ယူလိုကြောင်း သိရသည်။

ဒါရင်ဘင့်ပြောင်းရွှေ့ကြေးကို ဆန်းဒါးလန်းက ထိုက်တန်စွာပေးမည်

စပါးတိုက်စစ်မှူး ဒါရင်ဘင့်အား ဆန်းဒါးလန်းနည်းပြ စတီဘရုက ရအောင်ခေါ်ယူမည်ဖြစ်ကြောင်း၊ ထိုက်တန်သော ပြောင်းရွှေ့ကြေးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ရှက်ဖ်ချင်ကိုအား အသင်းပြောင်းရွှေ့ခွင့်ပြုမည်



အေစီမီလန်အသင်းသို့ ပြီးခဲ့သည့်နှစ်က အငှားချထားသော တိုက်စစ်မှူးရှက်ဖ်ချင်ကိုအား အသင်းသို့ ပြောင်းရွှေ့ရန် ခွင့်ပြုမည်ဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက ဖွင့်ဟပြောကြားလိုက်သည်။

ချယ်လ်ဆီးက ဘက်ဟမ်းအားခေါ်မည်

ဒေးဗစ်ဘက်ဟမ်းက အင်္ဂလန်ပရီမီယာလိဂ်သို့ ပြန်လာရန်ဆန္ဒရှိနေရာ ချယ်လ်ဆီး၊ စပါးနှင့် ဖူလ်ဟမ်အသင်းတို့ ခေါ်ယူရန်ကြိုးစားနေကြောင်း လော့စ်အိန်ဂျလိစ်ဂလက်ဆီအသင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

ဒစ်ဂါကွိုင် ဖူလ်ဟမ်ရောက်မည်

တောင်အာဖရိကကွင်းလယ်ကစားသမား ဒစ်ဂါကွိုင်အား ဖူလ်ဟမ်အသင်းကခေါ်ယူမည်ဖြစ်ရာ ဆေးစစ်မှုများ ပြုလုပ်နေကြောင်း သိရသည်။

ရီးရဲတိုက်စစ်မှူး အယ်လ်ဗာရီအား စပါးကစျေးပေး

စပါးအသင်းသည် ရီးရဲမက်ဒရစ်မှ ဆယ်ကျော်သက်တိုက်စစ်မှူး အယ်လ်ဗာရီအား ပြောင်းရွှေ့ကြေး ပေါင် ၁၇သန်းဖြင့် ဝယ်ယူမည်ဟု စျေးပေးလိုက်သည်။

ချက်အီဗန်စ်အား ရှက်ဖီးလ်စာချုပ်မည်

မန်စီးတီးတိုက်စစ်မှူး ချက်အီဗန်စ်အား ပြောင်းရွှေ့ကြေးပေါင်သုံးသန်းဖြင့် ရှက်ဖီးလ်ယူနိုက်တက်က ခေါ်ယူစာချုပ်တော့မည်ဖြစ်သည်။

စပါးမှ တာရက်အား ရက်ဒင်းစာချုပ်မည်



စပါးကွင်းလယ်ကစားသမား အဒယ်လ်တာရက်အား ရက်ဒင်းအသင်းမှ ခေါ်ယူစာချုပ်မည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက အခြားသူများလက်ဝယ်သို့ ရောက်ရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

နာဆရီ သီတင်းခြောက်ပတ်အတွင်း ပြန်ကစားမည်

ဒဏ်ရာရရှိနေသော အာဆင်နယ်ကွင်းလယ်ကစားသမား နာဆရီသည် မူလက သုံးလခန့် အနားယူရမည်ဟု ခန့်မှန်းသော်လည်း သီတင်းခြောက်ပတ်အတွင်း ပြန်လည်ကစားနိုင် မည်ဖြစ်ကြောင်း နည်းပြအာစင်ဝင်းဂါးက ပြောကြားသည်။

ဥရောပဘောလုံးအသင်းများ ငွေကြေးသုံးစွဲမှု

လန်ဒန် ဇူလိုင် ၂၃

ဥရောပ ဘောလုံးအသင်းတွေရဲ့ ဒီနှစ်နွေရာသီ အပြောင်းအရွှေ့ဈေးကွက်မှာ ဇူလိုင်၂၃ရက်အထိ ငွေကြေးအများဆုံး သုံးစွဲထားတဲ့ ပြည်တွင်းလိဂ်တွေကို စပိန်သတင်းစာ ဒိုင်ရာရီရိုအေအက်စ်က စာရင်းပြု သတင်းထုတ်ပြန်လိုက်ပါတယ်။

အသုံးစရိတ်

ဒီလို သတင်းထုတ်ပြန်တဲ့အခါ စပိန်လာလီဂါနဲ့ အီတလီစီးရီးအေအသင်းတွေရဲ့ ဘောလုံးသမားအပြောင်း အရွှေ့နဲ့ ဝယ်ယူမှု အသုံးစရိတ်တွေက တခြားလိဂ်တွေထက် ပိုမိုများပြားနေတာ တွေ့ရတယ်လို့ ဆိုပါတယ်။

နည်းနေ

ဇူလိုင် ၂၃ရက်အထိ အီတလီစီးရီးအေ ဘောလုံးအသင်းတွေက ဘောလုံးသမားသစ်ဝယ်ယူရေးအတွက် စုစုပေါင်း ငွေကြေး ယူရို ၃၃၈သန်း သုံးစွဲခဲ့ပါတယ်။ စပိန်လာလီဂါအသင်းတွေကတော့ ငွေကြေးသုံးစွဲမှု စုစုပေါင်း ယူရို ၂၈၂သန်း သုံးစွဲထားလို့ စီးရီးအေထက်တော့ နည်းနေပါတယ်။

အင်္ဂလန် ပရီမီယာလိဂ်အသင်းတွေရဲ့ ငွေကြေးသုံးစွဲမှုကတော့ ဇူလိုင် ၂၃ရက်အထိ စုစုပေါင်းယူရို ၂၆၅သန်းရှိနေတာမို့ စီးရီးအေနဲ့ လာလီဂါတို့ထက် နည်းပြီး တတိယနေရာမှာ ရှိနေပါတယ်။

စီးရီးအေ

အီတလီစီးရီးအေရဲ့အသင်း တစ်သင်းချင်းမှာ ဘောလုံးသမားအသစ်ဝယ်ယူတဲ့ ငွေကြေးကိုကြည့်ရင် ဂျီနိုရာအသင်းက ယူရို ၆၃ဒသမ၆သန်း၊ အင်တာမီလန်အသင်းက ယူရို ၅၇ဒသမ၇သန်း၊ ဂျူဗင်းတပ်စ်အသင်းက ယူရို ၅၂ဒသမ၈သန်းနဲ့ နာပိုလီအသင်းက ယူရို ၄၁သန်းသုံးစွဲထား ပါတယ်။

ဘောလုံးသမား ဝယ်ယူမှု၌ ငွေကြေးအများဆုံး သုံးစွဲထားသော ရီးရဲမက်ဒရစ်အသင်း၏ ကစားကွင်း။

လာလီဂါ

စပိန်လာလီဂါအသင်းတွေရဲ့ ဘောလုံးသမားအသစ်ဝယ်ယူရေးအတွက် ငွေကြေးသုံးစွဲမှုကတော့ ရီးရဲမက်ဒရစ်အသင်း တစ်သင်းကပဲ ယူရိုသန်း ၂၂၀သုံးစွဲထား တာမို့ လာလီဂါကလပ်တွေရဲ့ ငွေကြေးသုံးစွဲမှု ၈၀ရာခိုင်နှုန်းလောက်ကို ရီးရဲမက်ဒရစ်က သုံးစွဲထားတာ ဖြစ်ပါတယ်။ ကျန်တဲ့ ဘောလုံးအသင်းတွေက တစ်သင်းကို ယူရို ၁၀သန်းကျော်တောင် သုံးစွဲတဲ့ အသင်းမရှိသေးပါဘူး။ ရီးရဲမက်ဒရစ်ပြီးရင် ဒုတိယအများဆုံးသုံးစွဲတဲ့အသင်းကတော့ ဇာရာဂိုဇာဖြစ်ပြီး ဘောလုံးသမားဝယ်ယူရေးအတွက် ယူရို ၉ဒသမ၂သန်း သုံးစွဲထားပါတယ်။ ကျန်တဲ့ ဗယ်လာဒိုလစ်၊ အယ်လ်မီရီးယား၊ ဗလင်စီယာနဲ့ ဗီလာရီးရဲတို့ကတော့ ငွေကြေးသုံးစွဲမှုက အခုအထိ ယူရိုကိုးသန်း မပြည့်သေးပါဘူး။

ပရီမီယာလိဂ်

ပရီမီယာလိဂ်မှာတော့ ဇူလိုင် ၂၃ ရက်အထိ ငွေကြေးသုံးစွဲမှုအများဆုံးအသင်းက မန်စီးတီးအသင်းဖြစ်ပြီး ယူရို ၉၃သန်း သုံးစွဲထားပါတယ်။ ကျန်တဲ့ မန်ယူ၊ ချယ်လ်ဆီး၊ လီဗာပူးနဲ့ အာဆင်နယ်တို့က ငွေကြေးသုံးစွဲမှုဟာ မန်စီးတီးအသင်းလောက်မရှိသေးပါဘူး။

ဥရောပလိဂ်အသင်းတွေရဲ့ ငွေကြေးသုံးစွဲမှုဟာ တဖြည်းဖြည်းနဲ့ များပြားလာတာမို့ နိုင်ငံတကာ ဘောလုံးဈေးကွက်အနေအထားဟာ အတားအဆီးမရှိတော့ဘူး ဆိုပေမယ့် ထိုက်သင့်တဲ့ငွေကြေးအင်အား သုံးစွဲမှုတော့လိုအပ်တယ်လို့ ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာကတော့ ထောက်ခံပြောကြားထားပါကြောင်း။ ။ (အင်တာနက်)

မောင်မောင်မြင့်ဆွေရေးသည်

24-7 (12).pmd 1 7/24/2009, 2:40 AM

ကွန်ပျူတာ ပညာရှင်အသင်း ဟောပြောပွဲ

ရန်ကုန် ဇူလိုင် ၂၃

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်းက ကြီးမှူး၍ ICT ကို Profession အဖြစ်ရွေးချယ်မည့် သူများအတွက် ထည့်သွင်းစဉ်းစားစရာများ ICT Field ထဲရောက်ပြီး မိမိ၏ Career အတွက် ထပ်မံဖြည့် စွက်သင့်သည့် အချက်များကို သိရှိစေရန် ရည်ရွယ်၍ ဇူလိုင် ၂၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ပင်မဆောင်ရှိ Conference Hall တွင် ဦးမျိုးထွန်း (KMD Computer Centre)က "ICT Career Steams" ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ရုံးခန်းအဆောင် ၄ အခန်း၄ ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

(၁၂)ကြိမ်မြောက် စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၃

မြောက်ဥက္ကလာပမြို့နယ် ပြည့်စုံအေး သာသနာ့ရိပ်သာ (၁၂) ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဝါခေါင်လဆန်း ၁၂ရက်၊ ဩဂုတ် ၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါ ရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ အချိန်မီလာရောက်ကြရန် ဝေယျာဝစ္စအကျိုး ဆောင်အဖွဲ့က နိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

နီလာ အပြည်ပြည်ဆိုင်ရာခရီးသွားလာရေးလုပ်ငန်း
မအေးအေးမော် ဦးစီးသော နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
(၁၁)ညအိပ် (၁၂)ရက်-ဗုဒ္ဓဂယာ+သံဝေဇနီယလေးဌာန (၉.၃)သိန်း စရိတ်ငြိမ်း၊ (India Air Line)
(၁၇)ညအိပ် (၁၈)ရက်-ဗုဒ္ဓဂယာ+သံဝေဇနီယလေးဌာန (၁၀.၅)သိန်း စရိတ်ငြိမ်း၊ (India Air Line)
နယူးဒေလီ(တပ်ချုပ်မဟာ)+ကိုလ်ကတ္တား
ဝါကျွတ်ပွဲတော် သီတင်းကျွတ်လပြည့် (အဘိဓမ္မာနေ့) အထူးအစီအစဉ်
၂၀၀၉-၂၀၁၀ ဘုရားဖူးရာသီနှစ်တွင် ဝါကျွတ်ပွဲတော်နှင့် ကထိန်သင်္ကန်းဆပ်ကပ်လှူဒါန်းခြင်း၊ ရေစက်ချအခမ်းအနားကို ကျင်းပမည်ဖြစ်ပြီး ပထမဦးဆုံးအဖွဲ့တွင် လိုက်ပါမည့်စာရင်းပေးသွင်းသူ ၁၀၀အား လေယာဉ်လက်မှတ် သုံးစောင်ကို ကံစမ်းမဲဖောက်၍ ဟိုတယ်တွင် ကျွေးမွေးဧည့်ခံမေတ္တာတုံ့ပြန်ပေးမည်ဖြစ်ပါသည်။
ထိုင်းနိုင်ငံ ဗန်ကောက်ခရီးစဉ်သစ်များကို အောက်တိုဘာလမှစ၍ စတင်တိုးချဲ့ပို့ဆောင်ပေးနေပြီ ဖြစ်ပါသည်။
ဗန်ကောက်-အယုဒ္ဓယ-ပတ္တရား (၄)ညအိပ် (၅)ရက်၊ Passport+Visa+Airticket အပါအဝင် (၈.၅)သိန်း စရိတ်ငြိမ်း။
ဘုရားလည်းဖူး၊ ကံလည်းထူးအောင် နီလာမှာ အမြန်ဆုံးစာရင်းပေးသွင်းကြရန်
အမှတ် ၃၁၅၊ မြေညီထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၄၁၇၅၁၊ ၂၄၁၂၄၃၊ ၃၇၅၀၂၀၊ ၀၉-၉၈၇၃၃၉၅၊ ၀၉-၈၆၁၂၀၀၃။



သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

(၁၀)နှစ်ပြည့် မင်္ဂလာဆုတောင်း

ကိုကြည်စိုး-မသန္တာအေး (Net Star Technology Co.,Ltd.)

တို့၏ ၂၄-၇-၂၀၀၉ ရက်တွင် ကျရောက်သော (၁၀)နှစ်ပြည့် ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောသားတို့နှင့် ပျော်ရွှင်သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေ။ အေးချမ်းအောင်မြင်သော ဘဝကို ပိုင်ဆိုင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက် —

ချစ်သူငယ်ချင်းများ-
ကိုစစ်၊ Small
ဥက္ကာ၊ မီးမီး
နန္ဒာ၊ လုံးလုံး၊ အေးမင်း
ဝေဝေ၊ မိသက်နှင့်
ပုလဲမိသားစု။

မွေးနေ့မင်္ဂလာဆုမွန်လွှာ
ဦးခင်တိုး
(First Engineer, M.T.M Co.,Ltd.)

အမှတ်တရ မွေးနေ့ရက်မြတ်မှသည် ဘဝခရီးလမ်းတစ်လျှောက်တွင် ကျန်းမာပျော်ရွှင်မှုများနှင့်ပြည့်စုံပြီး လောကီ၊ လောကုတ္တရာ ကောင်းကျိုးများကို နှလုံးစိတ်ဝမ်း အေးချမ်းစွာဖြင့် သယ်ပိုးရွက်ဆောင်နိုင်ပါစေ —

ချစ်ဇနီး-ချို
သားကြီး-ဘိုဘို၊ သားငယ်-ဒိုဒို နှင့်
ချစ်သော မိသားစုဝင်များ။

ပညာမြင့်တင်ရေးဖောင်ဒေးရှင်း ပဲခူး၌ အလှူငွေလှူဒါန်း

ပဲခူး ဇူလိုင် ၂၃

ပဲခူးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း (ယခင်အမျိုးသားတန်းမြင့်ကျောင်း)၌ ပညာမြင့်တင်ရေး ဖောင်ဒေးရှင်း တည်ထောင်ဖွင့်လှစ်ပွဲအခမ်းအနားကို ဇွန် ၂၁ ရက်က ဝိုင်အမ်ဘီအေ ခန်းမဆောင်၌ကျင်းပရာ အမျိုးသားပညာ မြင့်တင်ရေးဖောင်ဒေးရှင်းမှ နာယကအငြိမ်းစားကျောင်းအုပ်ဆရာကြီးများ ဖြစ်ကြသော ဆရာကြီး ဦးမြင့်ဦးနှင့် ဆရာကြီး ဦးကြင်သိန်းတို့က အမှာစကား ပြောကြားကြသည်။

ပြောကြား

ထို့နောက် အလှူရှင်များဘက်မှ "အေး" ပညာမြှင့်တင်ရေးဖောင်ဒေးရှင်း တည်ထောင်သူ ဒေါ်ကြင်အေး၏ သားသမီး ၁၀ဦးကိုယ်စား သားကြီးဖြစ်သူ ဦးဝင်းကြင်က ဖောင်ဒေးရှင်း တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်နှင့် ကျောင်းတော်ကြီးအား ပညာဖြင့် ကျေးဇူးဆပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒေါ်ကြင်အေး မိသားစုက ငွေကျပ် သိန်း ၁၀၀ကို မတည်လှူဒါန်းခဲ့ပြီး**(အပေါ်ပုံ)**အခမ်းအနားတွင် အထက(၃)၌ ဖွဲ့စည်းထားခဲ့ပြီးဖြစ်သော ပညာမြင့်တင်ရေး ဖောင်ဒေးရှင်းနှင့် နေရှင်နယ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သို့ အလှူငွေများကို လှူဒါန်းရာ ပညာမြင့်တင်ရေး ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးကြင်သိန်းနှင့် နေရှင်နယ် ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ကြည်တို့က လက်ခံကြသည်။ **(ဝဝ)**

နိုင်ငံတကာဆက်ဆံရေးဘာသာရပ် (အထက်မြန်မာပြည်) ငွေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ် (အထက်မြန်မာပြည်) ငွေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ၂၆ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ပြီး ငွေရတုအထိမ်းအမှတ်အဖြစ် မဂ္ဂဇင်းစာအုပ်ထုတ်ဝေမည်ဖြစ်ရာ စာမူပို့လိုသော ကျောင်းသားကျောင်းသူများနှင့် ဆရာကြီး ဆရာမကြီးများ ဩဂုတ်၁၅ရက်နောက်ဆုံးထား၍ ပေးပို့ပါရန်နှင့် အာစရိယပူဇော်ပွဲအခမ်းအနားသို့ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးကျော်ကျော်-ဒေါ်မိမိကြီး ဖုန်း-၀၉-၂၀-၁၄၂၄၂၊ ကိုဇော်မင်းကြည်-မသက်ယု ဖုန်း-၀၉-၂၀-၀၂၆၂၉၊ ကိုတင်ထွန်းအောင်-မကြူကြူဝင်း ဖုန်း-၀၉-၂၁- ၃၁၈၄၃၊ မကြည်ကြည်ငွေ ဖုန်း-၀၁-၇၀၃၈၁၆၊ မသင်းသင်းအေး ဖုန်း-၀၉-၂၀-၁၂၆၁၂၊ ကိုကျော်စိုးနိုင် ဖုန်း၀၉-၂၁-၃၁၃၆၆၊ ကိုစောကျော်လင်း ဖုန်း-၀၉-၅၀-၀၄၄၃၈၊ ၀၉-၅၀-၁၆၃၆၈ ကိုဇော်နိုင်-မခိုင်သျှန်ထွန်း ဖုန်း- ၀၉-၂၀-၀၇၉၈၁၊ မမွန်မွန်ကြိမ်းစ်လှကျော် ဖုန်း-၀၉-၂၀-၀၇၅၃၁၊ ကိုချမ်းသာ ဖုန်း-၀၉-၅၁-၆၈၇၇၂၊ ကိုသန့်ဇော်မြင့်-မအဲမိုးကို ဖုန်း-၀၉-၂၀-၂၅၈၆၂၊ ကိုစံမင်းအောင်-မစိုးနှင်းအေး ဖုန်း-၀၉-၂၀- ၅၀၈၆၈၊ ကိုမျိုးသင်းအောင် ဖုန်း-၀၉-၂၀-၀၀၆၀၃၊ မအေးအေးမြတ် ဖုန်း-၀၂-၆၄၃၈၀တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

သံတွဲမြို့ပေါ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ကြိုတင်ကာကွယ်ရေး စီမံချက်အရ ခြင်ပေါက်ပွားမှုတားဆီးနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဇူလိုင် ၂၁ရက်က ဒွါရာဝတီမြို့မဈေးအတွင်း ဒုတိယအကြိမ် ခြင်ဆေးဖျန်းပက်ခြင်းအား အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် ဒု-ဦးစီးမှူး(အခွန်)တို့က ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရွှေဘိုနှင့်ကသာခရိုင် ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူးများ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရွှေဘို ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းသည် ဇူလိုင် ၁၀ရက် နံနက်ပိုင်းက ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ရွှေဘိုနှင့်ကသာခရိုင်များရှိ ခရိုင်ဦးစီးအရာရှိများ၊ မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းပွဲကျင်းပသည်။**(အပေါ်ပုံ)**

ဆွေးနွေး

ရှေးဦးစွာ တိုင်းဦးစီးမှူးဦးတင်သန်းဝင်းက ကျေးရွာ စာကြည့်တိုက်များကို စာငှားကတ်စနစ် ကျင့်သုံးသော စံ(၅)ချက်နှင့် ညီညွတ်သည့် ခိုင်မာစာကြည့်တိုက်များ ထူထောင်ရေး၊ ဝန်ထမ်းများအား အမျိုးသား အကျိုးစီးပွားဘက်တော်သား ထက်မြက်သွက်လက်သည့် မီဒီယာသမားကောင်းများဖြစ်လာစေရေး၊ ခရိုင်နှင့် မြို့နယ်ရုံးစာကြည့်တိုက်များတွင် စာအုပ်ငှားရမ်းသူ၊ စာဖတ်သူများတိုးပွားရေး ဆောင်ရွက်ကြရန် ဆွေးနွေးသည်။

ဖြည့်စွက်ဆည်းပေး

ထို့နောက် ရွှေဘိုနှင့် ကသာခရိုင်များရှိ မြို့နယ်ဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်ချက်များကိုတင်ပြရာ တိုင်းဦးစီးမှူးဦးတင်သန်းဝင်းက လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ **(ခရိုင် ပြန်/ဆက်)**

သွေးလွန်တုပ်ကွေး ပွင့်ဖြူ၌ ကြိုတင်ကာကွယ်

ပွင့်ဖြူ ဇူလိုင် ၂၃

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ရောဂါကြိုတင်ကာကွယ်တားဆီးရေးအတွက် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ မြို့ပေါ်အလယ်ပိုင်းရပ်ကွက်ရှိ နေအိမ်များနှင့် ရေမြောင်းများအတွင်း ခြင်ဆေးဖျန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်က ကြီးကြပ် ဆောင်ရွက်ပေးခဲ့သည်။

(မြို့နယ်စည်ပင်)

တစ်အိမ်ထောင်ကျွန်းသုံးပင်စိုက်ပျိုးပွဲ ပွင့်ဖြူမြို့နယ် ဆင်လူးကျေးရွာ၌ ကျင်းပ

ပွင့်ဖြူ ဇူလိုင် ၁၅

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၀၉ခုနှစ် မိုးရာသီ တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်စိုက်ပျိုးပွဲကို ဇွန် ၂၄ရက်က ပွင့်ဖြူမြို့နယ် ဆင်လူးကျေးရွာ၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မင်းဘူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဋ္ဌေးနှင့် ပွင့်ဖြူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

ကောင်စီဥက္ကဋ္ဌဦးလှဋ္ဌေးတို့က ကျေးရွာပြည်သူများသို့ ကျွန်းပင်များ ဝေငှပေးပြီး**(ဝဲပုံ)** မြို့နယ်သစ်တောဦးစီးမှူး ဦးခင်မောင်လင်းနှင့် ဝန်ထမ်းများက ကျေးရွာပြည်သူများ၏ နေအိမ်ခြံဝိုင်းများတွင် စိုက်ပျိုးပေးကြသည်။

စိုက်ပျိုးခဲ့

တစ်အိမ်ထောင် ကျွန်းသုံးပင်စိုက်ပျိုးပွဲတွင် အိမ်ထောင်စု ၄၃၇စုအတွက် ကျွန်းပင် ၁၃၁၁ပင်ကို ကျေးရွာပြည်သူများ၏ နေအိမ်ခြံဝိုင်းများတွင် စိုက်ပျိုးခဲ့ကြသည်။ အလားတူ မဲဇလီကျေးရွာတွင် အိမ်ထောင်စု ၃၀၃စုအတွက် ကျွန်းပင်ပေါင်း ၉၀၉ပင်ကို ဇွန် ၂၁ရက်က စိုက်ပျိုးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း မိုးရာသီကျွန်းပင်စိုက်ပျိုးပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၂၀

မိုးရာသီ ကျွန်းပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင်၁၀ရက် နံနက် ၈နာရီက မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ကျွန်းပင်ကို စိုက်ပျိုးပေးပြီး တိုင်းမှူးနှင့်အဖွဲ့ဝင်များက ကျွန်းပျိုးပင်များ စုပေါင်း စိုက်ပျိုးပေးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် တိုင်းမှူးသည် ဒေသခံပြည်သူများ၊ ကျေးရွာ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အမှာစကား ပြောကြား

မွန်ပြည်နယ် သဘာဝဘေး ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှု သင်တန်း အမှတ်စဉ်(၆/၂၀၀၉) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်၁၃ရက် နံနက်၈နာရီက ပြည်နယ်ရုံးခန်းမ၌ ကျင်းပရာ တိုင်းမှူး တက်ရောက်ပြီး သင်တန်းဖွင့် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

တောင်တွင်းကြီး၌ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး သန့်ရှင်းရေးဆောင်ရွက်

တောင်တွင်းကြီး ဇူလိုင် ၂၀

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ရဲမှူးကြီးဘကြည်၊ မကွေးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအေးလွင်နှင့်အတူ ဇူလိုင် ၃ရက် ညနေ ၃နာရီက တောင်တွင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံကာ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆွေးနွေးပြီး မြို့ပေါ် ရပ်ကွက်များ သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ဟိုပန် ဇူလိုင် ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် ဟိုပန်မြို့နယ်၌ ၂၀၀၉ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၉နာရီက အထက စာမပဟာ ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သီတာက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါက်တာဂျီဆိုင်းတောင်က အမျိုးသမီးနှင့် ကျန်းမာရေး၊ ကမ္ဘာ့လူတုပ်ကွေးနှင့် ကပ်ရောဂါသိကောင်းစရာများ၊ မြို့နယ်အမျိုးသမီးရေးရာအတွင်းရေးမှူးဒေါ်နန်းခမ်းပန်က ထာဝစဉ်ထိန်းသိမ်းရမည့် မြန်မာ့ယဉ်ကျေးမှုကို ဟောပြောဆွေးနွေးကြသည်။

ဂုဏ်ပြုချီးမြှင့်

ဆက်လက်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တော်ခန်းမ၌ ကျင်းပသည့် ပြည်နယ်အဆင့် ကျပန်းစကားပြော ပြိုင်ပွဲသို့ ကွမ်းလုံခရိုင် ကိုယ်စားပြု ပြိုင်ပွဲ(သက်ငယ်အဆင့်)တတိယဆုရသူ ၀ တိုင်း

မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ကျင်းပ ကျပန်းစကားပြောပြိုင်ပွဲဆုရသူများ ဟိုပန်၌ ဂုဏ်ပြု

ရင်းသူ မယော့နွမ်းပိုင်နပ် (ဆဋ္ဌမတန်း-A) အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်မောင်ထွေး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်သီတာ **(အောက်ပုံ)**၊ မြို့နယ်ပညာရေးမှူး ဦးမောင်မောင်နှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင် ဒုတပ်ရင်းမှူးဒေါ်နန်းခမ်းပန်တို့က ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။ **(မြို့နယ် ပြန်/ဆက်)**

အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း သဲကုန်း၌ဖွင့်

သဲကုန်း ဇူလိုင် ၂၂

သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သောပြည်ခရိုင် အခြေခံ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ် (၉/၂၀၀၉) ဖွင့်ပွဲကို ဇူလိုင် ၁၁ရက် နံနက် ၉နာရီက ဆင်မြီးဆွဲ မြို့မစာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ ကျေးရွာအုပ်စု ၁၀အုပ်စုမှ သင်တန်းသား သင်တန်းသူ ၅၂ဦးနှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

စာတွေ့လက်တွေ့ ပို့ချ

သင်တန်းဖွင့်ပွဲတွင်မြို့နယ် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင် ဦးဟန်မြင့်၊ ဆင်မြီးဆွဲနယ်မြေ စာကြည့်တိုက်ကြီးကြပ်မှုအဖွဲ့ခေါင်းဆောင် ရဲအုပ်စောကျော်ဦးနှင့် ခေတ္တမြို့နယ် ဦးစီးမှူး ဒေါ်သင်းသင်းအေးတို့က အမှာစကားပြောကြားကြပြီး ဦးစိုးသန်း(ရုပ်သံကျွမ်းကျင်-၃)က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေး၊ စံ(၅)ချက်နှင့် ကိုက်ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေး၊ မျိုးတူစုလုပ်ငန်း၊ ကက်တလောက်လုပ်ငန်းများကို စာတွေ့လက်တွေ့ ပို့ချဆွေးနွေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

ဘိုကလေးမြို့ လမ်းဘေးရေမြောင်းများ မိုးရာသီအတွင်း ရေစီးရေလာ ကောင်းမွန်စေရေးနှင့် အမှိုက်သရိုက်များ မပိတ်ဆို့စေရေးအတွက် ရေသွယ်မြောင်းများနှင့် ရေနုတ်မြောင်းများဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးကြည်စိုးကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဖလမ်း ပြည်သူ့ဆေးရုံသို့ ဆေးပဒေသာပင်နှင့် ရန်ပုံငွေပေးအပ်

ဖလမ်း ဇူလိုင် ၂၀

ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးပဒေသာပင် စိုက်ထူ၍ လူနာများအား အခမဲ့ဆေးဝါးကုသ ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိရာ ဇူလိုင် ၁၅ရက် မွန်းလွဲ ၂နာရီက ဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနားကို အဆိုပါဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆေးရုံးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဖလမ်းခရိုင်ဥက္ကဋ္ဌဦးခင်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့မိမြို့ဖအဖွဲ့ကိုယ်စား အဖွဲ့ဥက္ကဋ္ဌဦးကပွတီအယ်လ်ကဆေးပဒေသာပင် ငွေကျပ် ၄၅သိန်းကို ဆေးရုံကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းရာဆေးရုံအုပ်ဒေါက်တာနေမျိုးအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

မြေယာရှုခင်းအလှ

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ဇွန် ၁၅ရက်က မြို့နယ်ခန်းမရှေ့ မြေယာရှုခင်းအလှပြုပြင်ခြင်းကို အငယ်တန်း အင်ဂျင်နီယာ(၂)ဦးလှမြင့် ကြီးကြပ်ဆောင်ရွက်စဉ်။

(ခရိုင် ပြန်/ဆက်)

ပင်လောင်းမြို့နယ်အဆင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ အသိပေးရှင်းလင်း

ပင်လောင်း ဇူလိုင် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် မြို့နယ်အဆင့်ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ အသိပေးရှင်းလင်းပွဲကို ဇွန် ၂၅ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာရဲက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိမိခိုင်က ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါဆိုင်ရာနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြလုပ်ငန်းဖြစ်သော မဟာဗန္ဓုလလမ်းနှင့် ရတနာသိဃ်လမ်းကို ဆက်သွယ်ထားသည့် ဆီခြိလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးနီထွန်းနှင့်လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အရာတော်၌ ဈေးရောင်းပွဲတော် ကျင်းပ

အရာတော် ဇူလိုင် ၁၀

အမှတ် (၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဇူလိုင် ၃ရက် နံနက်စနာရီက အရာတော်မြို့ သီရိရတနာခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း မြန်မာနိုင်ငံဆေးဝါးစက်ရုံ (စစ်ကိုင်း)စက်ရုံမှူး ဒေါက်တာတိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အထူးဈေးရောင်းပွဲတော်ကို ဇူလိုင် ၃ရက်မှ ၉ရက်အထိ ဖွင့်လှစ်ရောင်းချခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

■ ဆူပူအကြမ်းဖက်မှုကို မလိုလား။

■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

အလုပ်ပင်ပန်းစွာ လုပ်ကိုင်ခဲ့ရသူများ အယ်လ်ဇိုင်းမားရောဂါ ရရှိနိုင်ဟုဆို

အရွယ်ရောက်ချိန်မှ စတင်ကာ အလုပ်ပင်ပန်းစွာ လုပ်ကိုင်ခဲ့ရသူများသည် အသက်အရွယ် ကြီးရင့်လာသည့်အခါ အယ်လ်ဇိုင်းမားရောဂါ ရရှိရန် အခွင့်အလမ်းများကြောင်း ကနေဒါ ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

ဖြစ်ပွားနိုင်

တစ်နေ့လျှင် အလုပ်ချိန်အနည်းဆုံး ၁၀ နာရီခန့် ပြုလုပ်ရသူများသည် ဦးနှောက်နာ့ဗ်ကြောများထိခိုက်ကာ ဆဲလ်များ ပျက်စီးမှုဖြစ်ပွားနိုင်ကြောင်း၊ ဦးနှောက်အတွင်း ဆဲလ်ပျက်စီးမှု တဖြည်းဖြည်းများလာပါက မှတ်ဉာဏ်ချို့ယွင်းမှုများ ဖြစ်ပေါ်လာကြောင်း ၎င်းတို့ကပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၄ ■

ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်ပွားသည့် တတိယမြောက်လူနာ ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ပြီ

နောက်ထပ်လူနာနှစ်ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါဖြစ်ပွားသူ စုစုပေါင်းခြောက်ဦးရှိပြီဖြစ်

နေပြည်တော် ဇူလိုင် ၂၃

ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A(H1N1) ဖြစ်ပွားသည့် တတိယလူနာမှာ ရောဂါပျောက်ကင်းပြီဖြစ်၍ ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ပြီဖြစ်သည်။

လွှဲပြောင်းပေး

ဩစတြေးလျနိုင်ငံမှပြန်လာသူ အသက် ၄၂ နှစ်အရွယ် အမျိုးသားတစ်ဦးဖျားသဖြင့် ဇူလိုင် ၂၂ရက်တွင် အထူးကုဆေးခန်းသို့ သွားရောက်ပြသခဲ့ရာမှ ဝေဘာဂီအထူးကုဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့ကြောင်း၊ လူနာ၏ လည်ချောင်း၊ နှာခေါင်းမှ အရည်နမူနာကိုရယူပြီး ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနတွင် စမ်းသပ်စစ်ဆေးခဲ့ရာ New Influenza A (H1N1) ပိုးတွေ့ရှိရကြောင်း၊ အဆိုပါ အမျိုးသားမှာ မြန်မာနိုင်ငံသို့ ဇူလိုင် ၁၆ ရက်က Thai Airway ခရီးစဉ်အမှတ် TG -305 ဖြင့် ထိုင်းနိုင်ငံမှတစ်ဆင့် ပြန်လည်ရောက်ရှိလာသူဖြစ်ကြောင်း သိရသည်။

ကုသပေး

လူနာနှင့်အတူနေ မိသားစုဝင်ငါးဦးအား နေအိမ်တွင် စောင့်ကြပ်ကြည့်ရှုခြင်းဆောင်ရွက်စဉ် လူနာ၏ သမီးဖြစ်သော အသက် သုံးနှစ် ခြောက်လအရွယ် ကလေးငယ်မှာ ဖျားနေသဖြင့် ရန်ကုန်ကလေးဆေးရုံကြီးသို့ တက်ရောက်စေခဲ့ကြောင်း၊ ကလေးငယ်အား ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနက စမ်းသပ်စစ်ဆေးခဲ့ရာ New Influenza A(H1N1) ပိုးတွေ့ရသဖြင့် ရန်ကုန်ကလေးဆေးရုံကြီး သီးသန့်လူနာခန်းတွင် ကုသပေးလျက်ရှိကြောင်း သိရသည်။

စနစ်တကျပြုစု

လူနာအမျိုးသားနှင့်အတူ စီးနင်းလိုက်ပါလာသည့် TG -305 လေယာဉ်စီးခရီးသည် ၂၄၆ ဦးအားလည်း ၎င်းတို့နေထိုင်ရာ နေရာများသို့ သက်ဆိုင်ရာက တုပ်ကွေးရောဂါလက္ခဏာ ရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း၊ လူနာနှင့် ထိတွေ့မှု ရှိခဲ့သူများအားလည်း ၎င်းတို့နေထိုင်ရာနေရာ ခုနစ်နေရာတွင် နေအိမ်၌ပင်နေစေပြီး စောင့်ကြပ်ကြည့်ရှုခြင်း (Home Quarantine) ကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ယနေ့ထိ ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်ပွားသူ ခြောက်ဦးရှိပြီး သုံးဦးမှာ ရောဂါပျောက်ကင်းသဖြင့် ဆေးရုံမှဆင်းပေးပြီးဖြစ်ကြောင်း၊ ကျန်လူနာသုံးဦးကိုလည်း အထူးကုဆရာဝန်ကြီးများဖြင့် စနစ်တကျပြုစုစောင့်ရှောက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ စေတနာကို နားလည်ယုံကြည်လက်ခံလာသဖြင့် လက်နက်ချအလင်းဝင်ရောက်လာသော KNU အဖွဲ့ မှ KNLA တပ်မဟာ(၆) တပ်ရင်း(၁၈) တပ်ခွဲ(၃) တပ်ခွဲမှူး ဗိုလ်ကြီးအဆင့်ရှိ စောလေးကယ် ဦးစီးသည့် တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

KNLA တပ်မဟာ (၆) တပ်ရင်း (၁၈) မှ တပ်ခွဲမှူးဗိုလ်ကြီးအဆင့်ရှိ စောလေးကယ်ဦးစီး ၂၂ ဦး

လက်နက်ငယ် ရှစ်လက်၊ ခဲယမ်းမျိုးစုံနှင့်အတူ လုံးဝလက်နက်စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်းဝင်ရောက်

နေပြည်တော် ဇူလိုင် ၂၃

နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာအောင် စိတ်ကောင်း၊ စေတနာကောင်းဖြင့် ဖိတ်ခေါ်ကမ်းလှမ်းကြိုဆိုလျက်ရှိသကဲ့သို့ တစ်ဖက်ကလည်း တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီးသော တိုင်းရင်းသားအဖွဲ့အစည်းများအပေါ် စာနာမှု၊ နားလည်မှုတို့ဖြင့် စောင့်ရှောက်ပေးလျက်ရှိသည်။

စာမျက်နှာ ၅ ကော်လံ ၅ ❐

အရာတော် စည်ပင်သာယာ စက်ရေတွင်း တူးဖော်

အရာတော် ဇူလိုင် ၂၃

အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် ကျေးလက်ရေရရှိရေးလုပ်ငန်းအဖြစ် သံပုရာကျင်းကျေးရွာ၌ နှစ်လက်မစက်ရေတွင်း တူးဖော်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးသိန်းမင်းက စစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်စွာဝင်းက ရှင်းလင်းတင်ပြခဲ့သည်။

(မြို့နယ်စည်ပင်)

24-7 (20).pmd 1 7/24/2009, 2:41 AM